မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

လွန်စွာကပ်ငြိုသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိုသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျှဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုဗ္ဗဝဂ်(၈မှ၁၃-၄၇)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၀၃၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမြေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် နိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

ဝါလကင်းလွတ်သီတင်းကျွတ် အခါသမယတွင် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိ

ပြည်တွင်းသတင်း စာ ၅

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်း ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

ပြည်တွင်းသတင်း စာ ၃

ဂမ်ဘီယာအကြောင်း သိကောင်းစရာအချို့

ဆောင်းပါး စာ ၁၀

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရောင်စုံမီးရှူးမီးပန်းများဖြင့် ထွန်းညှိပူဇော်

၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်သို့ လာရောက်ကြသော ပြည်သူများက ပြည်သူ့ရင်ပြင်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရောင်စုံမီးရှူးမီးပန်းများဖြင့် ထွန်းညှိပူဇော်နေကြကို မြင်တွေ့ရစဉ်။ ဓာတ်ပုံ-ကိုကိုဇော် (MNA)

မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ ကျင်းပသည့် ဆီမီး ၅၀၀၀ မီးထွန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲ

မန္တလေး အောက်တိုဘာ ၃၀

မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်သည့် မြန်မာ့ရိုးရာသီတင်းကျွတ် ဆီမီး ၅၀၀၀ မီးထွန်းပွဲတော်ကို မြန်မာတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော သီတင်းကျွတ်လပြည့် နေ့မှစတင်၍ မန္တလေးမြို့နန်းမြို့ရိုးနှင့် ကျုံးရေပြင်အကြားရှိ ရတနာပုံဥယျာဉ်၌ ကျင်းပလျက်ရှိရာ ယနေ့ အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင်လည်း အနယ်နယ် အရပ်ရပ်မှ လာရောက်ပါဝင်ဆင်နွှဲသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ ပွဲတော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး လာရောက်ကြသည့်

စာမျက်နှာ ၇ ကော်လံ ၁ ❖

မွေးမြူရေးကဏ္ဍတိုးတက်ရေးတွင် အရေးပါသည့် တိရစ္ဆာန်ကောင်ရေစာရင်း

နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်း (National Livestock Baseline Survey)ကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်လတိုင်တိုင် ပြုလုပ်သွားမည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၃ ခုရှိ မြို့နယ် ၂၁၅ မြို့နယ်မှ ကျေးရွာအုပ်စု၊ ရပ်ကွက်များ၏ ၂၀ ရာခိုင်နှုန်းကို ကွက်ပြည့်ကောက်ယူပြီး စီးပွားဖြစ် မွေးမြူရေးခြံများကို ရာခိုင်နှုန်းပြည့် စာရင်းကောက်ယူသွားမည်ဟု သိရသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယား ကိန်းဂဏန်းများမှာ အရေးပါသည့်အလျောက် အတိုးအလျော့အပြောင်းအလဲများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော မွေးမြူရေးတိရစ္ဆာန်များ၏ ကောင်ရေစာရင်းဇယားများကို နှစ်အလိုက် အနီးစပ်ဆုံးမှန်ကန်စွာ ရရှိထားရန်လိုသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအလိုက် တိရစ္ဆာန်ကောင်ရေစာရင်းဇယားများ ရရှိထားခြင်းအားဖြင့် ပြည်တွင်းစားသုံးမှုအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အသားထုတ်လုပ်မှု၊ ဈေးကွက်လိုအပ်ချက်များနှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်မှု၊ မွေးမြူရေးကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မှန်ကန်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်း လုပ်ငန်းကို ၁၉၇၉-၁၉၈၀ ပြည့်နှစ်မှ ၁၉၉၃-၁၉၉၄ ခုနှစ်အထိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နှစ်စဉ်ဆောင်ရွက်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် မြေပြင်ကွင်းဆင်းကောက်ယူခြင်း မပြုတော့ဘဲ စာရင်းကိန်းဂဏန်းတွက်ချက်နည်းဖြင့်သာ မှတ်တမ်းတင်ခဲ့သည်ဟု သိရသည်။ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ်တွင် ပြန်လည်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း နှစ်စဉ် ကြားဖြတ်ကောင်ရေစာရင်းများကို ကောက်ယူခဲ့ရာ ဒေသန္တား၊ နွေစားနွား၊ ကျွဲ၊ နွားနောက်၊ဆိတ်၊ ဝက်၊ ကြက် အစရှိသည့် မွေးမြူရေးတိရစ္ဆာန်များ၏ ကောင်ရေ အတိုးအလျော့အခြေအနေများကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စာရင်းဇယားများနှင့် ပြည်ထောင်စုစာရင်းချုပ်တို့တွင် တွေ့ရှိနိုင်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို ငါးနှစ်လျှင်တစ်ကြိမ် ဆောင်ရွက်ရန် ရည်မှန်းချက်နှင့်အညီ လာမည့်နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားတော့မည်ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများတွင် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မိမိတို့နိုင်ငံသည် မွေးမြူရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် အခြေခံကောင်းများရှိသလို စျေးကွက်အလားအလာကောင်းများလည်း ရှိနေသည်။ သို့ရာတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးချဲ့လုပ်ကိုင်လာရေးတို့အတွက်လည်း ဆောင်ရွက်ရန် များစွာရှိနေသည်။ နိုင်ငံ့လူဦးရေ၏ အများစုနေထိုင်ကြသည့် ကျေးလက်ဒေသ အဓိကစီးပွားရေးတွင် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြခြင်းအားဖြင့် အကျိုးအမြတ်မြန်ဆန်စွာဖြစ်ထွန်းခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများတွင် ထိခိုက်မှုနည်းပါးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့မှာ အပြန်အလှန်အကျိုးပြုနိုင်ခြင်းနှင့် တောင်သူများအတွက် ဝင်ငွေအခွင့်အလမ်း ပိုမိုလာခြင်းတို့ကြောင့် တောင်သူတိုင်း မွေးမြူရေးကို အနည်းဆုံးတစ်ပိုင်တစ်နိုင် ဆောင်ရွက်သင့်သည်။

လာမည့် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်လတာ ဆောင်ရွက်မည့် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းမှ မွေးမြူရေးကဏ္ဍ၏အခြေအနေကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ သိရှိလာနိုင်မည်ဖြစ်ရာ အဆိုပါ လုပ်ငန်းအောင်မြင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူများက ပိုင်းဝန်းကူညီဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) မကွေးမြို့ မြသလွန်စေတီတော်၌ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၃၀ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက်က မကွေးတိုင်းဒေသကြီး အတွင်းမြို့နယ်အသီးသီးရှိ ဘုရားစေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ပြည်သူ့အများ လာရောက်ကာ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖွားပူဇော်ခြင်း၊ မီးထွန်းပွဲတော်များကို စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်ပျော်ရွင်စွာ ဆင်နွဲလျက်ရှိပြီး မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ယခင်နှစ်များနည်းတူ သံဃာတော်များ ပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစ် မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲကိုကျင်းပရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးချုပ်၏ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ယမန်နေ့ ညနေ ၆ နာရီက မြသလွန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပရာ အထူးစည်ကားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့ တက်ရောက်ကာ မြသလွန်ဘုရား ရင်ပြင်တော်ရှိ မဟာဝိဇယရံသီ တန်ဆောင်းတော်တွင် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပြီး ဘုရားရင်ပြင်တော်တွင် ဆီမီးထွန်းညှိပူဇော်ကာ ဘုရားဖူးလာပြည်သူများနှင့်အတူ မြသလွန်စေတီတော်မြတ်အား လှည့်လည်ဖူးမြော် ကြည်ညိုခဲ့ကြသည်။

မြသလွန် စေတီတော်မြတ်ကြီး ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်းပိုင်းမှ သီတင်းကျွတ်လပြည့်ကျော် အထိ ဒေသစုံမှ လာရောက်သည့် စျေးရောင်း၊ စျေးဝယ်များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် စည်ကားသိုက်မြိုက်စွာ ၂၀၁၉ ခုနှစ်အထိ ကျင်းပခဲ့ပြီး ကိုဗစ် - ၁၉ ရောဂါကြောင့် ရပ်နားထားကာ ယခုနှစ်တွင် မြသလွန်ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ပြန်လည် ကျင်းပလျက်ရှိရာ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား အစဉ်အလာ မပျက် (သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ) အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၁၂ ရက်အထိ ရက် ၂၀ တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

ပုဏ္ဏားကျွန်းမြို့၌ ပထမအကြိမ်မြောက် ရခိုင်ရိုးရာ ဆီမီးဖောင်အလှပြိုင်ပွဲ ကျင်းပ

ပုဏ္ဏားကျွန်း အောက်တိုဘာ ၃၀ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ပုဏ္ဏားကျွန်းမြို့နယ် လူငယ်များ အစည်းအရုံးက ကြီးမှူး၍ ပထမအကြိမ်မြောက် ရခိုင်ရိုးရာ အစဉ်အလာမပျက် ဆီမီးဖောင် အလှပြိုင်ပွဲကို ယနေ့ ညနေ ၆ နာရီက ပုဏ္ဏားကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ဆီမီးဖောင်အလှပြိုင်ပွဲကို ပုဏ္ဏားကျွန်းမြို့လူငယ်များ အစည်းအရုံးက ကြီးမှူး၍ သီတင်းကျွတ်ကာလတွင် မြို့ပေါ်လေးရပ်ကွက်မှ လူငယ်ပိုင်း၊ လူလတ်ပိုင်းများက အစဉ်အလာမပျက် ရခိုင်ရိုးရာ ဆီမီးဖောင်အလှများ ပြုလုပ်ကာ သီတင်းကျွတ်လပြည့်နေ့ မတိုင်မီ သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေပိုင်းက ဆီမီးဖောင်အဖွဲ့ ၂၁ ဖွဲ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ Ponnagyun Yoths Association Facebook Page တွင်လွှင့်တင်ပြီး Like နှင့် Share အများဆုံးရရှိသည့် ဆီမီးဖောင် အဖွဲ့သုံးဖွဲ့ကို ရွေးချယ်၍ ပထမဆုဂွေကျပ် တစ်သိန်းခွဲ၊ ဒုတိယဆုဂွေကျပ် တစ်သိန်း၊ တတိယဆုဂွေကျပ်ခုနှစ်သောင်း ချီးမြှင့်ပေးသည်။

ဆက်လက်၍ ည ၇ နာရီတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဆီမီးဖောင်များအား ရောင်စုံဖယောင်းတိုင်မီးအလှများ ထွန်းညှိပူဇော်ပြီး မြို့မ အထကကျောင်း(ခွဲ)မှ စတင်၍ မြို့တစ်ပတ် လှည့်လည်ပူဇော်ကာ (ဝဲပုံ) ရွာဟောင်းရပ်ကွက် သင်္ဘောဆိပ်မှတစ်ဆင့် ကင်းချောင်းမြစ်ရေပြင်တွင် ဆီမီးဖောင် ရေမျှောပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

နီထွန်းအောင်
(ပြန်/ဆက်)

နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၃၀ နေပြည်တော်နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဧလ**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့အကြား (၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်၍ ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်သို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ညနေ ၄ နာရီတွင် နေပြည်တော် Horizon Lake View ဟိုတယ်ရှိ Presidential Suite ၌ အလွတ်သဘောတွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် (၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ညနေ ၅ နာရီတွင် နေပြည်တော် Horizon Lake View ဟိုတယ်ရှိ State Meeting Room ၌ ကျင်းပပြုလုပ်သည်။ **(အပေါ်ယာပုံ)**

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူထုမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် အဆင့်မြင့် အရာရှိကြီးများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး Mr.Wang Xiaohong ဦးဆောင်သည့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (Lianyungang) နှင့် တရုတ်-အာဆီယံ ရဲတပ်ဖွဲ့ဖိုရမ်ကဲ့သို့သော အစည်းအဝေးများ တက်ရောက်နိုင်ရေး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ၅ နှစ်လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ လူမှောင်ခိုမှု၊ ဆက်သွယ်ရေးစနစ် အသုံးပြုလိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှု၊ ငွေကြေးခဝါချမှု၊ နယ်စပ်ဖြတ်ကျော် လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့သော နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ လန်ချန်း-မဲခေါင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စီမံကိန်းကြီးများ လုံခြုံရေး၊ တရုတ်နိုင်ငံသားတရားခံပြေးများ ဖမ်းဆီးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နယ်မြေချင်းထိစပ်နေသော တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ အကြား ဆက်သွယ်ဆက်ဆံရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ သတင်းအချက်အလက် ဖလှယ်ရေး၊ အမှုဖြစ်စဉ်စုံစမ်းစစ်ဆေးရေး တို့နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်နိုင်ရန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များ ပူးတွဲရေးဆွဲရေး၊ အနာဂတ်တွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် သက်ဆိုင်ရာပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ နှစ်ဖက်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနနှစ်ရပ်အကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေးစနစ်တစ်ရပ်ထားရှိရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဝန်ကြီးအဆင့်အစည်းအဝေး အပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များကို ထိရောက်အကျိုးရှိစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေး မှတ်တမ်းအား နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြပြီး(ဝဲပုံ) မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် မြန်မာ-တရုတ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သတ္တမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေး ဂုဏ်ယူပြုညစာစားပွဲနှင့် ဖျော်ဖြေပွဲတို့ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တနိုင်းမြို့၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်

တနိုင်း အောက်တိုဘာ ၃၀

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဘောက်နော် ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးမှဝန်ထမ်းများက တနိုင်းမြို့နယ် တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ မိသားစုဝင်များအား နိုင်ငံသားတစ်ဦးချင်း၏ အချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာ အချက်အလက်(Biometric ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ နံယ ရဲမာန်အောင်ခန်းမ၌ အခြေပြု၍ အသက် (၁၀) နှစ်အထက် နိုင်ငံသားကတ်ပြားရှိသူများအား ကောက်ယူလျက်ရှိသည်။

တနိုင်းမြို့နယ်၌ နိုင်ငံသားတစ်ဦးချင်း၏ အချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းကို တနိုင်းတပ်နယ် အတွင်းရှိ ရဲမာန်အောင်ခန်းမတွင် အခြေပြု၍ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များအား ရုံးဖွင့်ရက်များတွင် အစုအဖွဲ့စုဖွဲ့ကာ အစုအဖွဲ့အလိုက်နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကောက်ယူလျက်ရှိကြောင်း သိရသည်။

မနောမြေ(တနိုင်း)

ရုရှားခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စေရေး Welcome Russia Program in Myanmar အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး ကနဦးကြိုးပမ်းမှုအနေဖြင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်း၍ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၃၀ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမို သိရှိလာရောက်လည်ပတ်စေရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုများကို ရုရှားခရီးသွားဈေးကွက်တွင် ဖြင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ – ရုရှား ခရီးသွားဖြင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်(Familiarization Trip – FAM Trip) အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့သည့် ခရီးစဉ်တွင် လိုက်ပါခဲ့ကြသော ရုရှားခရီးသွားကိုယ်စားလှယ်များ၏ အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel Royal Lake Yangon ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ရုရှား နှစ်နိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးနေမှုကို လှည့်လည်ကြည့်ရှုကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လိုင်စင်ရပြည်ပခရီးစဉ်ဆောင်ရွက်သူများ၊ သတင်းနှင့် ရုပ်သံဌာနတို့မှ ကိုယ်စားလှယ် ၄၃ ဦးနှင့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီ ၆၀ကျော်မှ လုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဗီဒီယိုကိုပြသပြီး ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာတွင် ခရီးသွားလုပ်ငန်းသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေပါကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စေရေးအတွက် Welcome Russia Program in Myanmar အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး ထိုအစီအစဉ်၏ ကနဦးကြိုးပမ်းမှုအနေဖြင့် မြန်မာ- ရုရှား ချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်း၍ ယခုကဲ့သို့ ရင်းနှီးကျွမ်းဝင်မှု ဆိုင်ရာခရီးစဉ် (FAM Trip) ကို စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုအစီအစဉ်တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများဖြစ်သည့် မန္တလေး၊ ပုဂံ၊ရန်ကုန်၊ကော့သောင်း၊ ငပလီ၊ ငွေဆောင်၊ အင်းလေး စသည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်ခဲ့ကြပြီးဖြစ်၍ မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသည့်အတွက် သဘောကျနှစ်သက်မည်ဟုယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံသို့ပြန်လည်ရောက်ရှိချိန်တွင် မြန်မာနိုင်ငံ၏ အလွန်လှပသည့် ရှုခင်းများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဒေသခံများ၏ နေထိုင်မှု ဘဝပုံစံများနှင့် ထူးခြားသည့် ယဉ်ကျေးမှုများကို ခံစားကြည့်ရှုခွင့်မရသေးသူများ သိရှိခံစားလိုစိတ် ဖြစ်ပေါ်လာအောင် သတင်းစကားများ၊ ဓာတ်ပုံများဖြင့် လူမှုကွန်ရက်မီဒီယာများမှ တစ်ဆင့် ဖြန့်ဝေပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံချစ်ကြည်ရင်းနှီးမှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ ရုရှားအော်သိုဒ့ဲ၊ ခရစ်ယာန်ဘုရားကျောင်း တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်တွင် လေ့လာလည်ပတ်ခဲ့ကြသည့် မြန်မာနိုင်ငံ၏ ခရီးစဉ်အသီးသီးနှင့် ရုရှားနိုင်ငံသားများကို ဆွဲဆောင်နိုင်မည့် အပြုသဘောဆောင်သည့် အကြံပြုချက်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရုရှားနိုင်ငံသားများအတွက် ဆွဲဆောင်မှုရှိသောမြို့ဖြစ်အောင် လိုအပ်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် တတ်စွမ်းသရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှကိုယ်စားလှယ် တစ်ဦးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားပြီး FAM Trip ခရီးစဉ်သွားရောက် လည်ပတ်ခဲ့ကြသည့် ခရီးသည်များကိုယ်စား ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ခရီးစဉ် ဒေသများသို့သွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်သည့် အတွေ့အကြုံများ ရှင်းလင်းတင်ပြကာ သိရှိလိုသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ရုရှားခရီးသွားကိုယ်စားလှယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ- တောင်ကြီး အခမဲ့ ရထားပြေးဆွဲပေးခြင်းကို အောက်တိုဘာ ၃၀ ရက်အထိ ထပ်မံပြေးဆွဲပေးခဲ့

နေပြည်တော် အောက်တိုဘာ ၃၀ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရွှေညောင် – တောင်ကြီး–နောင်ကားလမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်းဖွင့်ပွဲကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများ လိုက်ပါ၍ တောင်ကြီး–ပေါ်မူ၊ ပေါ်မူ – တောင်ကြီး ရထားခရီးစဉ်ကို အောက်တိုဘာ ၂၈ ရက်မှ ၂၉ ရက် အထိ အခမဲ့ပြေးဆွဲပေးခဲ့သည်။

ယခုအခါ သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်ခြင်း၊ ရထားစီးနင်းသူ များပြားခြင်းကြောင့် ယနေ့ အောက်တိုဘာ ၃၀ ရက်နေ့တွင်လည်း နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုကြောင့် ထပ်မံ၍အခမဲ့ ပြေးဆွဲ ပေးခဲ့သည်။

ခရီးစဉ်၌ မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း ၂၅၅ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။ တောင်ကြီး–ပေါ်မူ ခရီးစဉ်သည် တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ခုတိယဘဝသံသရာတံတားကို ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထိသိမ်ဘုတာသို့ ရထားဆိုက်ရောက်ရပ်နားချိန် ၁၅ မိနစ်အတွင်း ဘုတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထိသိမ်အဝိုင်းပတ် (ဘဝသံသရာတံတား)အား အပေါ်စီးမှနေ၍ ကြည့်ရှုခြင်း၊ အဝေးဆီမှ ထိသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့်ကွင်းပြင်ကျယ်ကြီးများ စသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်းပျော်ရွှင်မှု ရရှိကြောင်း ရထားပေါ်တွင် လိုက်ပါစီးနင်းကြသူများထံမှ သိရသည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး–ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် နှုန်းထားသတ်မှတ်ပြီး ပြေးဆွဲပေးရန် စီစဉ်ထားရှိသည်။ ထို့အတူ ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စင်းလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စိတ်လက်အေးချမ်းပျော်ရွှင်စွာ ရထားစီးပြီးအပန်းဖြေသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အိမ်မဲမြို့မဈေးကြီးရှေ့၌ မီးဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

အိမ်မဲ အောက်တိုဘာ ၃၀ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မြို့မဈေးကြီးတွင် ယမန်နေ့က ဆောင်ရွက်သည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေယံစိုးက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်း ပြောကြားပြီး ဆီမီးငြိမ်းသတ်နည်းကို သရုပ်ပြခဲ့ကြသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်သည့် ရေယာဉ်နှစ်စီးဖြင့် ရေထွက်ကို သရုပ်ပြခဲ့သည်။ ဆက်လက်ပြီး အိမ်မဲမြို့မဈေးကြီးမှ ရေစုပ်စက် ရေတင်နိုင်မှုနှင့် ကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုတို့ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

ဝါလကင်းလွတ်သီတင်းကျွတ် အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀
ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကုံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယခုနှစ် သြဂုတ်လ ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာ အခမ်းအနားများကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မာရဝိဇယ

ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကာ နေ့ထူးနေ့မြတ် အခါသမယများတွင် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင်လည်း ဝါလကင်းလွတ်သီတင်းကျွတ် အခါသမယတွင် အများပြည်သူရုံးပိတ်ရက် ဖြစ်သည်နှင့်အညီ နိုင်ငံတော်တစ်စကားလုံးရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများအပြင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ လာရောက်ယှဉ်ပြိုင် လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အဖွဲ့များကလည်း လာရောက် ဖူးမြော်ကြည်ညိုကြရာ စည်ကားလျက်ရှိသည်။

ထို့ပြင် ဘုရားဖူးရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများလျက်စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့် လည်း ဘုရားဖူးလာသူများကို အာဟာရဒါန စတုဒိသာများဖြင့် ကျွေးမွေး လှူဒါန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိ တိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ လျှပ်ပန်းရောင်စုံ LED မီးပန်းစုံတို့ဖြင့် ပူဇော်ခြင်းနှင့် ဝတ်ရွတ် အသင်းများက ဝတ်ရွတ် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဥာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဝါးခယ်မမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာပြည်သူများဖြင့်စည်ကား

ဝါးခယ်မ အောက်တိုဘာ ၃၀
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ သီတင်းကျွတ်အခါသမယတွင် ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်းကားလျက်ရှိသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ သမိုင်းဝင်ဘုရားစေတီပုထိုးများတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှစ၍ စတုဒိသာ အကျွေးအမွေးများ၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ် လှူဒါန်းလျက်ရှိပြီး သီတင်းကျွတ်လပြည့်နေ့တွင် သကျမဟာသီရိဘုရားကြီး၊ မြသိန်းတန်စေတီတော်မြတ်ကြီး၊ ဘိုးမင်းခေါင်ဘုရား၊ သမိုင်းဝင်သောကပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီး၊ ကျုံမင်းမြို့ သကျမုနိဘုရားကြီးနှင့် အတုလ ဗုဒ္ဓစွယ်တော်မြတ်တို့တွင် ဆီမီးတစ်ထောင်ပူဇော်ခြင်း၊ ဘုရားဖူးလာပြည်သူများက ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်ပူဇော်ခြင်း၊ စတုဒိသာအကျွေးအမွေးများနှင့် တီးဝိုင်းအကအလှများဖြင့် ဖျော်ဖြေလျက်ရှိရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဟိန်းထက်လင်း(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ရှိ MSMEs လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေး

မုံရွာ အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ရှိ နိုင်ငံ့စီးပွားဖြင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် MSMEs လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ စစ်ကိုင်းမြို့ ပျူခံရပ်ကွက်ရှိ ရွှေလမင်းကျောက်စိမ်းအချောထည် အမျိုးမျိုးရောင်းဝယ်ရေးဆိုင်နှင့် စိန်ကုန်းရပ်ကွက်ရှိ ကျောက်ချောထည် လုပ်ငန်းများသို့ ရောက်ရှိကြရာ ဆိုင်အတွင်း ခင်းကျင်းပြသထားသော ကျောက်ချောထည်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးကြပြီး လုပ်ငန်းရှင်များက ကျောက်စိမ်းအချောထည် အမျိုးမျိုးထုတ်လုပ်နေမှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောက်ချောထည်ထုတ်လုပ်မှုကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ရောင်းချသွားရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ကုန်ကြမ်းများ ရရှိရေးတို့အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိထွန်းထွန်း ငွေထည်၊ကြေးထည် ရောင်းဝယ်ရေးဆိုင်သို့ ရောက်ရှိရာ ဆိုင်တာဝန်ခံမှ ငွေထည်၊ ကြေးထည် ပစ္စည်းအမျိုးမျိုး ရောင်းချ၊ ထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ငွေထည်၊ ကြေးထည် ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ စိုးနို့ဆီထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ ဒီနီချဉ်နှင့်နို့ဆီ ထုတ်လုပ်နေမှုများနှင့် ထုပ်ပိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး ပါတီဝင်အင်အားများ စိစစ်ခြင်း၊ နိုင်ငံရေးပါတီများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံရေးပါတီဝင် အင်အားစိစစ်ခြင်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် တာချီလိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် အညီ မှတ်ပုံတင်ခွင့်ပြုပြီးသော ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ လေးပါတီနှင့် ရှမ်းပြည်နယ်အတွင်း စည်းရုံးမည့် ပါတီ နှစ်ပါတီမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ လေး ပါတီနှင့် ရှမ်းပြည်နယ်အတွင်း စည်းရုံးမည့် ပါတီ နှစ်ပါတီ၊ စုစုပေါင်း ခြောက်ပါတီအား သတ်မှတ်ရက် ကာလ ပြည့်ပြီးဖြစ်သဖြင့် မြေပြင်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ပါတီဝင်များ စိစစ်ရာတွင် သက်ဆိုင်ရာပါတီများ ရိုးပါတီဝင်လျှောက်လွှာ၊ အသိအမှတ်ပြုကတ်ပြား၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ တင်ပြရသည့် ပါတီဝင်အင်အား စာရင်း နောက်ဆက်တွဲ(၈)ပူးတွဲများနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအား အင်အားတောင့်တင်းသော ပါတီဝင်များဖြစ်လာစေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများမှ ပူးပေါင်းအစစ်အဆေးခံရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းက ရှမ်းပြည်နယ်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုထားပြီးသော နိုင်ငံရေးပါတီများအား ပါတီတစ်ခုချင်းအလိုက် ပါတီဝင်အင်အားကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့က ဆက်လက်တင်ပြ ဆွေးနွေးသော အခြေအနေများကို တင်ပြသည်။ ယင်နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့က ဆက်လက်တင်ပြ ဆွေးနွေးသည်။ ထို့နောက်တက်ရောက်လာသော နိုင်ငံရေးပါတီ ခြောက်ပါတီ၏ တာဝန်ခံများကလည်း ပါတီအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တာချီလိတ် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အာခါ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီများ၏ ပါတီဝင်အင်အား စိစစ်မှုကို ဆက်လက်စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်တော်မြို့နယ်၌ မြို့နယ်အဆင့်အခြေခံပညာမူလတန်း၊ အလယ်တန်းဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကျင်းပ

ကျောက်တော် အောက်တိုဘာ ၃၀

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က ပြည်တော်သာရပ်ကွက် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေး ခန်းမအတွင်း၌ ကျင်းပသည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲတွင် ကျောက်တော်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ ဝင်ကြသည့် အခြေခံပညာ မူလတန်းအဆင့် (Grade-5)တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၂၀၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၊ အခြေခံပညာအလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် (Grade-6)တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ (Grade-8) တွင် ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁စဦး၊(Grade-9) တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၁၅ဦး၊ အခြေခံပညာအလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူ ၄၈ဦး၊ အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ ဘာသာရပ်ပြိုင်ပွဲတွင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၈ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သီတင်းကျွတ်ကျောင်းပိတ်ရက် ကျောင်းသားလူငယ်များ ပျော်ရွှင်စေရန် ပြပွဲပြိုင်ပွဲများ ဆောင်ရွက်ပေး

ကန့်ဘလူ အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးပြီး စာပေကို ချစ်မြတ်နိုးတတ်လာသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ပြပွဲပြိုင်ပွဲများကို အောက်တိုဘာ ၂၇ရက်က လူထု အခြေပြုဗဟိုဌာနခ၌ ပြုလုပ်သည်။

ပြပွဲပြိုင်ပွဲများ ပြုလုပ်ရာတွင် ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် အသိပညာ ဗဟုသုတတိုးပွားစေမည့် သုတရသစာအုပ်များကို ဖတ်ရှုလေ့လာကာ စာကြည့်တိုက်ကို ငယ်ရွယ်စဉ်ကပင် အသုံးပြုတတ်လာစေရန်၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည် ပြိုင်ပွဲများ၊ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြပြီး ပြိုင်ပွဲများကိုလည်း ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦးက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြပြီး လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်တရ လက်ဆောင်အဖြစ် ဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဝင်းဦမိုး(ကန့်ဘလူ)

ကချင်ပြည်နယ်ဝန်ကြီးချုပ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ မြစ်ကြီးနားမြို့၌ ဘုရားစေတီပုထိုးများ လာရောက်ကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စတုဒိသာဖြင့် ဧည့်ခံကျွေးမွေး

မြစ်ကြီးနား အောက်တိုဘာ ၃၀

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုးများတွင် လာရောက်ကုသိုလ်ကောင်းမှုပြုသူများ၊ မြို့တွင်း ပန်းခြံများနှင့် အပန်းဖြေနေရာများတွင်လည်း စည်ကားလျက်ရှိရာ အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ကုသိုလ်ကောင်းမှုပြုခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မြစ်ကြီးနားမြို့ သီတာရင်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့်စေတီတော်ကြီးသို့ သွားရောက်ပြီး စေတီတော်ကြီးနှင့် လျောင်းတော်မှ၊ ရပ်တော်မူဘုရားတို့တွင် ကုသိုလ်ကောင်းမှုပြုသူများ၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်နေကြသည့် ကုသိုလ်ကောင်းမှုပြုသူများနှင့် စွေးဆိုင်ခန်းငယ်များတွင် မြန်မာ့ရိုးရာ အစားအစာရောင်းချမှုများကို ဝယ်ယူစားသောက်သူများဖြင့် အထူးစည်ကားလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များက လာရောက် ကုသိုလ်ကောင်းမှုပြုသူများနှင့် လည်ပတ်သူများအား လောကမာန်အောင် ဆုတောင်းပြည့် စေတီတော်ရင်ပြင်တွင် စတုဒိသာ ဧည့်ခံကျွေးမွေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဇရာရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် အံတော်ရင်စေတီတော်၌ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အဖြစ် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင်တွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲနှင့် ကုသိုလ်ကောင်းမှုပြုသူများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက စတုဒိသာဖြင့် ကုသိုလ်ပြုကျွေးမွေးဧည့်ခံမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းရပ်ရပ်ကွက်အတွင်းရှိ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ရောင်စုံအလှမီးထွန်းထားရှိမှုများနှင့် ဒေသခံအဆိုတော်များ၏ တေးသီချင်းဖျော်ဖြေမှုများ၊ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စတုဒိသာမဏ္ဍပ် ငယ်ဖွင့်လှစ်ပြီး ကျွေးမွေးဧည့်ခံမှု ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့်အတူ ဧည့်ခံကျွေးမွေးခဲ့ကြပြီး ပြည်သူများ ဖျော်ရွှင်စွာ ဆင်နွဲနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ မြစ်ကြီးနားမြို့ပေါ်ရှိ အောင်စေရန်အောင်၊ ကျွန်းပင်သာ ဘုန်းတော်ကြီးကျောင်း၊ ခေမာသိရိရပ်ကွက် အတွင်းရှိ ရွှေတိဂုံဝုံတူစေတီတော်တို့တွင် ကုသိုလ်ကောင်းမှုပြုသူများ များပြားလျက်ရှိသည့်အပြင် မြစ်ကြီးနားမြို့ပေါ်ရှိ စိမ်းမြေရောပန်း၌တို့၌ မိသားစုအလိုက် လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်းနှင့် နေ့ခင်းပိုင်းတွင်လည်း မြစ်ကြီးနားမြို့နှင့် မိုင် ၂၀ ခန့်ကွာဝေးသည့် အောင်မြင်သာကျေးရွာရှိ အပန်းဖြေစခန်း၌ ရေကစားသူများ၊ အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

ဘားအံ၌ သီတင်းကျွတ်လပြည့်အဘိဓမ္မာအခါတော်နေ့တွင် သံယပဝါရဏာသိမ်ဆင်းလောင်းလှူပွဲကျင်းပ

ဘားအံ အောက်တိုဘာ ၃၀

ပြည်နယ်ဩဝါဒါစရိယ ဒွဲကပင်တောင်ဆရာတော် အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မ ဓောတိက ဘဒ္ဒန္တကဝိဓေ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၉ ရက်) မွန်းတည့် ၁၂ နာရီတွင် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ သံဃပဝါရဏာပြုတော်မူကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ကဦးစီး၍ သံဃပဝါရဏာသိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ဩဝါဒါစရိယ ဒွဲကပင်တောင်ဆရာတော် အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဓောတိက ဘဒ္ဒန္တ ကဝိဓေအား ဖူးမြော်ကြည်ညိုး၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှုဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မအလှူ ငွေများ ဆက်ကပ်လှူခဲ့ကြသည်။

ထို့နောက် မဲဘောင်ကျောင်းတိုက် သိမ်တော်ကြီးအတွင်း ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဩဝါဒဆရာတော်ကြီးများ၊ သံဃာတော်များ စုစုပေါင်း ၂၈၉ ပါးတို့သည် ပဝါရဏာပြုကြပြီး ပဝါရဏာပြုပြီးသည့် ဆရာတော်၊ သံဃာတော်များအား ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ စေတနာ့ဝန်ထမ်း အလှူရှင်များက လှုဖွယ်ဝတ္ထု ပစ္စည်းများ စုပေါင်းလောင်းလှူခဲ့ကြသည်။ **(အပေါ်ပို့)**

ဆက်လက်၍ ဗုဒ္ဓမြတ်စွာ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူပြည်သို့ သီတင်းကျွတ်လပြည့်နေ့တွင် ဆင်းသက်တော်မူပုံကို အာရုံပြု၍ (၃၃) ကြိမ်မြောက် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခန့်က ဘားအံမြို့ ကျက်သရေဆောင် သေဌမာရ် အောင်ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ဆင်ယင်ကျင်းပသည်။

ဦးစွာ အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော် ဩဝါဒါစရိယ နောင်လုံဌာနပတိုင် ကျောင်းဆရာတော် မဟာဂန္ဓ ဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဏာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား လှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဘိဓမ္မာခုနစ်ကျမ်း စတင်ရွတ်ဖတ်မည့်ဆရာတော်က ဓမ္မာသဏာပလ္လင်တွင်နေရာယူ၍ ပူဇော်ခြင်းအတွက် ဘုရားပင့်ခြင်း၊ အဘိဓမ္မာခုနစ်ကျမ်း အမွှမ်းရွတ်ဖတ်ပူဇော်ခြင်း၊ သမ္မာဒေဝနတ်များအား ပင့်ဖိတ်ခြင်းတို့ကို ဆောင်ရွက်တော်မူကြပြီး အလှည့်ကျ သံဃာတော် အရှင်သူမြတ်တစ်ပါးမှ အဘိဓမ္မာခုနစ်ကျမ်းအား စတင်ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ဘားအံမြို့ အမှတ်(၁) ရပ်ကွက် သေဌမာရ်အောင်ဘုရားကြီးရင်ပြင်တော်၌ ဆီမီး ၉၀၀၀ ဆက်ကပ်ပူဇော်ပွဲကို ညနေ ၆ နာရီခန့်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သေဌမာရ်အောင် ဘုရားကြီး ဆုတောင်းပြည့်ကောင်းမှုတော် စေတီတော်ကြီးတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များသည် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဆီမီး ၉၀၀၀ ဆက်ကပ်ပူဇော်ပွဲ စာသားအား ဆီမီးထွန်းညှိပူဇော်ကြကာ တက်ရောက်လာသော ဝတ်ရွတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်အပေါင်းတို့က ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

❖ **ရှေ့ဖုံးမှ**

ပြည်သူများ စိတ်အေးချမ်းသာစေရန် သီတင်းကျွတ်မီးထွန်းပွဲတော်ကို အစီအစဉ်ကောင်းများစွာဖြင့် ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ပွဲတော်အတွင်း ဌာနဆိုင်ရာ အသီးသီးက စတုဒိသာအကျွေးအမွေးများလည်း စီစဉ်ထားရှိရာ လာရောက်ကြသည့် ပြည်သူများ မိမိနှစ်သက်သည့် အစားအစာများကို ရွေးချယ်စားသောက်၍ မီးထွန်းပွဲတော်ကို မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေ၊ သူငယ်ချင်းအစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာဆင်နွဲကြသည်။

မီးထွန်းပွဲတော်သို့ ပြင်ဦးလွင် မြို့မှ လာရောက်ပါဝင်ဆင်နွဲသည့် ကိုရဲကလည်း “ဒီလို မြန်မာ့ရိုးရာ ပွဲတော် သီတင်းကျွတ်အခါသမယမှာ ပြည်သူတွေ ပျော်ရွှင်အောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ ဒီလိုပွဲမျိုး ပြုလုပ်ပေးခြင်းဟာ ပြည်သူတွေ အတွက် စိတ်အပန်းဖြေရာ လည်းရပါတယ်။ စတုဒိသာအဖြစ် ကျွေးမွေးတဲ့အစားအသောက်တွေ ဟာလည်း သန့်ရှင်းပြီး အရသာ လည်းရှိပါတယ်။ ဖျော်ဖြေရေးအစီ အစဉ်တွေလည်း အတော်လေး စုံလင်တဲ့အပြင် ပွဲတော်အမှတ် တရ ဓာတ်ပုံရိုက်ဖို့ ရောင်စုံ လျှပ်စစ်မီးအလှတွေ ပြင်ဆင်ထား ရှိပေးထားတဲ့အတွက် ကျွန်တော် အပါအဝင် ပြည်သူတွေအားလုံး စိတ်ကျေနပ်ကြမယ်လို့ ထင်မြင်မိ ပါတယ်”ဟုပြောသည်။

အလားတူ ဖျော်ဖြေရေးအစီ အစဉ်ကောင်းများအဖြစ် မန္တလေး နန်းမြို့ရိုး အရှေ့ဘက်ခြမ်းရှိ ရတနာပုံ ဥယျာဉ်အတွင်း ကျောက်ဆည်ဆင်အက၊ ရိုးရာ ခြင်းလုံးအလှခတ်၊ မန်းစည်ပင် ခေတ်ပေါ်တေးဂီတ အဖွဲ့ Unplugged တေးဂီတများနှင့် အတူ နိုင်ငံကျော်စတူဒီယို တေးသံရှင်များနှင့် လက်ရှိနာမည်ကြီး တေးသံရှင်၊ အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေလျက်ရှိရာ မီးထွန်းပွဲတော်လာ ပြည်သူများ တစ်နေကုန် မောပန်းခဲသမျှ ပြေပျောက်ခွင့်ရရှိခဲ့သည့် အစီအစဉ်တစ်ခုလည်း ဖြစ်သည်။

ယင်းသို့ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းအပြင် ဆီမီးမျှော်ခြင်း၊ ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်းများကို လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးမြို့သူမြို့သားများအပြင် အနီးပတ်ဝန်းကျင်မှ ပြည်သူများ လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် အတူတကွ ပါဝင်ဆင်နွဲခဲ့ကြကြောင်း သိရသည်။

မောင်အေးချမ်း

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်မှုများ အောင်မြင်စွာ ကျင်းပပြီးစီး

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ် ကိုယ်စားပြု မင်းနိုင်စိုး ဇာတ်အဖွဲ့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၃၀ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **ဇာတ်တော်ကြီး** ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပခဲ့ပြီး ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ် ကိုယ်စားပြု မင်းနိုင်စိုး ဇာတ်အဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ဝိ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများ လာရောက်ကြည့်ရှု အားပေးကြသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှုများသည် ယနေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်၏ ပုံပိုးကူညီမှုနှင့်အတူ ငွေအား၊ လူအား၊ အချိန်အား များစွာစိုက်ထုတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အစဉ်သဖြင့် တည်တံ့ရှင်သန်နေစေရန်အတွက် အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူပြီး အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်သည်။ အဆိုပါ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)တွင် ကျင်းပသွားမည် ဖြစ်ရာ ကျင်းပပုံများကို နံနက် ၇ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-HD Channel ၊ MRTV News Channel ၊ MRTV Farmers' Channel ၊ MRTV Parliament Channel ၊ MITV ၊ MWD-HD Channel ၊ MWD Variety HD Channel နှင့် MOI Website MOI Youtube၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဋ္ဌတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မင်းဘူးမြို့ ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်မှ
မြန်မာ့ရွှေသမင်ခြံသို့ လာရောက်လည်ပတ် ကြည့်ရှုလေ့လာနိုင်

မင်းဘူး အောက်တိုဘာ ၃၀ ပွင့်လင်းရာသီတွင် မင်းဘူး(စကု) မြို့နယ်မှ တန်ခိုးကြီးဘုရားများ၊ အထင်ကရ နေရာများနည်းတူ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်မှ ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ရွှေသမင်ခြံသို့လည်း လာရောက်လည်ပတ် ကြည့်ရှုလေ့လာနိုင်ကြောင်း ရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်မှ ရွှေသမင်များကို ထိန်းသိမ်းစောင့်ရှောက်ထားသည်မှာ ၂၀၁၂ ခုနှစ်မှ စတင်ကာ နေပြည်တော် ဆာဖာရီဥယျာဉ်နှင့် ပုဂံလောကနန္တာ ဥယျာဉ်များမှ အထီး ငါးကောင်၊ အမ ခုနစ်ကောင် ဖြင့် စတင်၍ မွေးမြူထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် အထီး ၁၆ ကောင်၊ အမ အကောင် ၃၀ စုစုပေါင်း ရွှေသမင် ၄၆ ကောင်ရှိရာ နံနက်ပိုင်းတွင် ကန်စွန်းရွက်များကျွေး၍ ညနေဘက်တွင် အခြားအရွက်နုကလေးများနှင့် ဖြည့်စွက်စာများကို ဝယ်ယူ ကျွေးမွေးရကြောင်း၊ ရေတိုက်၊ အစာကျွေးခြင်းများ ဖြင့် ဂေါပကအဖွဲ့ဝင်များက ထိန်းသိမ်း စောင့်ရှောက်ထားရကြောင်း သိရသည်။

"ကြယ်လိပ်တို့၊ ရွှေသမင်တို့ ဆိုတာ ကမ္ဘာ့ရှားပါးမျိုးစိတ်စာရင်းဝင်တွေပါ။ ကျွန်တော်တို့ မြန်မာ့ရွှေသမင်တွေ ဆိုရင်လည်း မြန်မာတစ်နိုင်ငံတည်းမှာသာရှိတဲ့ ဌာနေဖွား ဒေသရင်းမျိုးစိတ်များ ဖြစ်ပြီး အလွန်မတန်မှ ရှားပါးတဲ့ အတွက် မျိုးသုဉ်းမျိုးဆက်မပြတ် စေရေး၊ ရွှေသမင်သားပေါက်များ တိုးပွားလာစေရေးတို့ အတွက် စောင့်ရှောက်ထားရပါတယ်။ ရွှေစက်တော်ဘုရားပွဲတော်ရာသီနဲ့ ပွင့်လင်းရာသီများမှာ မင်းဘူး (စကု) မြို့နယ်မှ အထင်ကရနေရာများကို လာရောက်လည်ပတ်တဲ့အခါ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်က ဒေသရင်းမျိုးစိတ် မြန်မာ့ရွှေသမင်များကိုလည်း လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်'' ဟု ရွှေစက်တော် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလိုင်က ပြောသည်။

ဧရယောထက်(မင်းဘူး)

ကျန်းမာရေးဝန်ကြီးဌာန

မျက်မြေးရောင်ရောဂါ / မျက်စိနာရောဂါကာကွယ်ရေးနှိုးဆော်ချက်

လတ်တလောဖြစ်ပွားနေသော မျက်မြေးရောင်ရောဂါ (သို့မဟုတ်) မျက်စိနာရောဂါသည် ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် (၅)ရက်မှ (၇)ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။

ရောဂါလက္ခဏာများမှာ-

- မျက်စိနီရဲခြင်း၊
- မျက်စိယားယံခြင်း၊
- မျက်ရည်ယိုခြင်း၊
- မျက်ဝတ်များထွက်ခြင်း၊
- မျက်စိနာကျင်ရောင်ရမ်းခြင်း၊
- အလင်းရောင်မကြည့်နိုင်ခြင်းတို့ဖြစ်နိုင်ပါသည်။

မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါသည် အောက်ဖော်ပြပါအခြေနေများကြောင့် ကူးစက်ပြန့်ပွားနိုင်ပါသည်-

- ရောဂါဖြစ်သူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာအတူနေထိုင်ခြင်းများကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။ (ဥပမာ- ကျောင်းသားတစ်ဦးမှ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသို့၊ မိခင်မှ ကလေးသို့)

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါ မပြန့်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- ကူးစက်လွယ်သောရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏ အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ) များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံးတစ်ရှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်၊
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တု မျက်စဉ်းဆေးရည်(Artificial Tear Eye Drops)ကို တစ်နေ့ (၃-၄)ကြိမ် ခတ်နိုင်ပါသည်။ မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည်ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရပါမည်၊ ရောဂါမသက်သာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ ပြသပါ။
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကိုမကိုင်မိစေရန် အကာအကွယ်မျက်မှန် တပ်ထားသင့်ပါသည်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၃၀
မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ ကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဧလ**

စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်ပတ်လည်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပ

စစ်တွေ အောက်တိုဘာ ၃၀

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာ အခါတော်နေ့) အောက်တိုဘာ ၂၉ ရက် ညနေပိုင်းက စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်ပတ်လည်၌ ဆီမီး ၁၀၀၀၀ ကို ထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပရာ ရခိုင်ပြည်နယ်သာဝတ္ထိဝေါဟာရအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ဝအနီး သိမ်တော်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသည့် စကြာမုနိဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွက်အသင်းအဖွဲ့များ၊ အနယ်နယ် အရပ်အရပ်မှ လာရောက်ကြသည့် ရဟန်းရှင်လူ ဘုရားဖူး ပြည်သူများက လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်ပတ်လည်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ကြပြီး (ဝဲပုံ) မီးပုံးပျံများ လွှတ်တင်ပူဇော်ကြကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

(၁၀၃)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုနယ်မြေနေပြည်တော် ပျဉ်းမနားမြို့ (၁၀၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လှည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့နယ် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ စံကျောင်းတော် တပ်တွင်းမမ္မာရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၀၃)ကြိမ်မြောက် ပျဉ်းမနား မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝတ်ဖြူတော်အသင်းများမှ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ရန် ပင့်ဆောင်လာကြရာ နေပြည်တော်ကောင်စီ ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော် မိသားစုများက ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုး၍ လှုဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တိုင်း ကျင်းပသည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ပွဲသည် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဖြစ်ပြီး ရပ်နီး၊ ရပ်ဝေးရှိ လာရောက်ဖူးမြော် ကြည်ညိုကြသူများဖြင့် အထူးစည်ကားလှသည့် ဘာသာရေးပွဲတော်တစ်ခု ဖြစ်သည်။ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓ ရုပ်ပွားတော်များ ဒေသစာရီကြွချီ လှည့်လည်ပူဇော်ပွဲကို ရုပ်ပွားတော်များ ပင့်ဆောင် အပူဇော်ခံမည့် အလှပြယာဉ်များတွင် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ပြီး မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည် အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)

ဟားခါးမြို့ ဇေတဝန်တောရစာသင်တိုက်နှင့် တရားဓမ္မရိပ်သာ၌ အဘိဓမ္မာအခါတော်ပွဲနှင့် ခင်ပွန်းကြီးဆယ်ပါး ကန်တော့ပွဲကျင်းပ

ဟားခါး အောက်တိုဘာ ၃၀

ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင် ဦးဆောင်ကြီးမှူး ၍ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ဇေတဝန်တောရစာသင်တိုက်နှင့် တရားဓမ္မရိပ်သာ၌ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်ပွဲနှင့် ခင်ပွန်းကြီးဆယ်ပါး ကန်တော့ပွဲအခမ်းအနားကိုကျင်းပရာ ပြည်နယ်တရားလွတ်တော်တရားသူကြီးချုပ် ဦးနေဖိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး မိုးဟိန်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ဇြိမ်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်များနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ကိုးပါးသီလ ဆောက်တည်ကြကာ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို ပူဇော်သောအားဖြင့် သစ်သီးကိုးမျိုး၊ မုန့်ကိုးမျိုး၊ ယိုကိုးမျိုး၊ ပန်းကိုးမျိုး၊ နံ့သာကိုးမျိုးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာနှင့် စတုဒိတာတို့ကို ပြည်နယ်တရားလွတ်တော်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်များနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များက ပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဘိဓမ္မာအခါတော် ပွဲ၊ ခင်ပွန်းကြီးဆယ်ပါးကန်တော့ပွဲ ပြုလုပ်ပြီး ဟားခါး ဇေတဝန်တောရစာသင်တိုက်နှင့် တရားဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ဦးစီးပခန့်နာယက ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ အရှင်မြတ်ထံမှ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနာ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ခရိုင် (ပြန် / ဆက်)

သဲကုန်းမြို့နယ်ရှိ သမဝါယမအသင်းများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုထောက်ပံ့ငွေများပေးအပ်

သဲကုန်း အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရေးအတွက် တစ်ဧကလျှင် ကျပ်ငွေနှစ်သိန်းနှုန်းဖြင့် ညီမျှသည့် ယူရီးယား 50 kg နှင့် ကွန်ပေါင်း 50 kg တို့ကို သဲကုန်းမြို့နယ် သီးကုန်းကျေးရွာ ရောင်ချည်ဦးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ငါးဦး၊ ကရင်ကုန်းကျေးရွာရှိ စိမ်းရောင်စို စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၊ ကျောက်စိမ်းရောင် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းနှင့် ပုလဲမွေး စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းများမှ အသင်းသား ၂၁ ဦး၊ အိုင်းကုန်းကျေးရွာ သဇင်ပန်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းနှင့် သဇင်နိုင် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းများမှ အသင်းသား ၂၁ ဦး၊ ရင်းတိုက်ကွင်းကျေးရွာရှိ နှင်းဆီဖြူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၁၇ ဦး၊ ကိုးတင်းကြေးကျေးရွာ ရွှေကိုးတင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများမှ အသင်းသား ၁၁ ဦး၊ တံခွန်တိုင်ကျေးရွာရှိ အောင်တံခွန်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၁၁ ဦး၊ ညောင်ဝင်းကျေးရွာရှိ ညောင်ဝင်း(၁) စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ခုနစ်ဦးနှင့် လက်ပံတန်းကျေးရွာရှိ ဆန်းသစ်ဝေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားခုနစ်ဦးတို့၏ စိုက်ဧကများတွင် ဆင်းသွယ်လတစ်ပေါ်များ စိုက်ပျိုးရန်အတွက် မြို့နယ်သမဝါယမ အသင်းလီမိတက်သွင်းအားစုအရောင်းဆိုင်မှ သွင်းအားစုဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

သတင်းစဉ်

လပွတ္တာမြို့နယ်၌ (၁၆၆)ကြိမ်မြောက် တာဝတိံသာဘုရားဆင်း ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

လပွတ္တာ အောက်တိုဘာ ၃၀

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ (၁၆၆) ကြိမ်မြောက် တာဝတိံသာဘုရားဆင်းပွဲတော်နှင့်ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၂၉ ရက်က အောင်တော်မူဘုရားဝင်းအတွင်းရှိ တာဝတိံသာတန်ဆောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး ဝင်းမင်းဦး၊ မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဖြိုးဝေဟိန်းနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဂမ်ဘီယာအကြောင်း သိကောင်းစရာအချို့

◇◇◇◇◇◇◇ ဒေါက်တာ ရင်ရင်နွယ် ◇◇◇◇◇◇◇

မြန်မာအများစုက ဂမ်ဘီယာနိုင်ငံကို ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်ခဲ့သော ဘင်္ဂလီကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအား အိုင်စီကျေခေါ် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုထားသည့်နိုင်ငံဟူ၍ သိကြသည်။ ဘင်္ဂလီများနှင့် ဆက်စပ်နေသော ပြဿနာများသည် ဂမ်ဘီယာနိုင်ငံအပေါ်တွင် မည်သည့် အချိန်ကမျှ ထိခိုက်မှု၊ သက်ရောက်မှုမရှိခဲ့ဟူ၍လည်း မြန်မာနိုင်ငံဘက်မှ အိုင်စီကျေတွင် တင်ပြခဲ့ကြောင်းကို လည်း သိကြပေမည်။ ယခု မြန်မာနိုင်ငံကို အိုင်စီကျေတွင် ဆက်လက် တရားစွဲနေသော နိုင်ငံသည် မည်သို့ သောနိုင်ငံမျိုးဖြစ်သည်ကို ပိုမိုနားလည်နိုင်အောင် ဤဆောင်းပါးကိုရေးရခြင်းဖြစ်ပါသည်။

ဂမ်ဘီယာနိုင်ငံမြေပုံ။

အလုပ်အတွေ့အကြုံ

၁၉၉၄ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကျွန်မသည် ကုတ်ဒီဗွားနိုင်ငံ အာဘီဂျန်မြို့ (Abidjan, Côte d'Ivoire) တွင် အခြေချခဲ့ပါသည်။ အာဖရိကတိုက် အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသရှိ ၂၃ နိုင်ငံတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) ပရိုဂရမ်များအား ဆန်းစစ်အကဲဖြတ်ရသည့် တာဝန် ကိုရယူခဲ့ပါသည်။ ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာ စကားနှစ်မျိုးလုံးလိုအပ်၍ ခရီးမြောက်မြားစွာ ထွက်ခဲ့ရသောအလုပ်မျိုး ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မ၏ ဒါရိုက်တာသည် အလွန်ထက်မြက်သော နော်ဝေအမျိုးသမီးကြီးဖြစ်၍ ကျွန်မကို များစွာ ခိုင်းရုံသာမက စီမံခန့်ခွဲမှုပညာကို လက်တွေ့ သွန်သင်ပေးခဲ့သည်။ ကျွန်မကို ထို ၂၃ နိုင်ငံ၏ သမိုင်း၊ နိုင်ငံရေး၊ စီးပွားရေးတို့ကို အသေးစိတ် သုတေသနလုပ်ခိုင်း၍ စာတမ်းတို့များ ထုတ်နိုင်းခဲ့ သည်။ ထိုဒါရိုက်တာ၏ ကျေးဇူးကြောင့် ကျွန်မသည် ဂမ်ဘီယာနှင့် အခြားအာဖရိကနိုင်ငံများအကြောင်း ပိုမိုနားလည်လာ၍ ပိုမိုထိရောက်စွာ အလုပ်လုပ် နိုင်ခဲ့သည်။

သို့ဖြစ်၍ ကျွန်မသည် ဂမ်ဘီယာနိုင်ငံတွင် အလုပ်အတွေ့အကြုံ ရလာသလို ယင်းနိုင်ငံမှ အစိုးရဝန်ထမ်းများနှင့် အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်များကို အထိုက်အလျောက် သိကျွမ်း လာခဲ့သည်။ ခင်မင်တတ်သောလူမျိုး ဖြစ်ပါသည်။ အာဘီဂျန်မြို့ သို့မဟုတ် အခြားအာဖရိက မြို့ကြီး များတွင် ကျွန်မစီစဉ်ကြီးကြပ်ခဲ့သော နိုင်ငံတကာ အစည်းအဝေးများသို့ ဂမ်ဘီယာအစိုးရသည် အစဉ် အမြဲ ကိုယ်စားလှယ်များကို လွှတ်လေ့ရှိသည်။

ဝမ်းနည်းစရာကောင်းသည့်သမိုင်း

ဂမ်ဘီယာဟူသော နိုင်ငံသည် မြန်မာ၊ ထိုင်း၊ တရုတ်အစရှိသော နိုင်ငံများကဲ့သို့ ရှေးသမိုင်းတွင် နယ်နိမိတ်များ သတ်သတ်မှတ်မှတ်မရှိခဲ့ပါ။ ယနေ့ ဂမ်ဘီယာဟုခေါ်နေသော နိုင်ငံသည် သေးငယ် သည့် မြစ်ဝှမ်းတစ်ခုသာဖြစ်သည်။ ၎င်း၏သမိုင်း သည် ကျွန်ကုန်ကူးခြင်းကို အခြေခံခဲ့သည်။ ဆယ်ရာစုခန့်မှစတင်၍ အာရပ်လူမျိုးများသည် ဂမ်ဘီယာနှင့် အခြား အာဖရိကလူမျိုးများကို ကျွန်များအဖြစ် ဖမ်းဆီးပြီး ဆာဟာရသဲကန္တာရကို ဖြတ်ကျော်ကာ အာရပ်နှင့် တူရကီသူဌေးများနှင့် ဘုရင်များထံသို့ ရောင်းစားခဲ့သည်။ အာရပ်တို့သည် အာဖရိက အမျိုးသားများကို ရက်စက်စွာ သင်းကွပ်ပြီး အာဖရိကအမျိုးသမီးများနှင့် ကလေးများကို လိင်ကျွန်များအဖြစ် ထားခဲ့သည်။ နောက်ပိုင်း ရာစုနှစ်များတွင် ပေါ်တူဂီ၊ ပြင်သစ်နှင့် အင်္ဂလိပ်လူမျိုးများသည် ကျွန်ကုန်သည်များ ဖြစ်လာသည်။ ၁၈၁၆ ခုနှစ်တွင် ဗြိတိသျှတို့က ကျွန်ကုန်ကူးရန်အတွက် သေးငယ်သော ဂမ်ဘီယာ မြစ်ကြောင်းကိုသာ သိမ်းပိုက်လိုက်သည်။ မြစ်ဝှမ်း အပြင်ဘက်ရှိ ဘေးပတ်ဝန်းကျင်ဒေသကိုကား ၁၇ ရာစုကတည်းက ပြင်သစ်များ စသိမ်းပိုက်ခဲ့၍ ယင်းသည် ဆီနီဂေါလ်နိုင်ငံဟုခေါ်သော ပြင်သစ် ကိုလိုနီ ဖြစ်လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဆီနီဂေါလ်နိုင်ငံ၊ ၁၉۶၅ ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံ တို့သည် အသီးသီး လွတ်လပ်ရေးရရှိခဲ့ကြသည်။

မြစ်ဝှမ်းတစ်ခုသာလျှင်ရှိသော တိုင်းပြည်

သမိုင်းတွင် ဖြစ်ပေါ်လာပုံကြောင့် ဂမ်ဘီယာ နိုင်ငံ၏ ပထဝီအနေအထားသည် အားနည်းချက် တစ်ရပ်ပင်ဖြစ်သည်။ ထူးခြားလှသည်။ ယင်းနိုင်ငံ သည် ဂမ်ဘီယာမြစ်တစ်လျှောက် အလျားမိုင် ၃၀၀၊ အကျယ်မိုင် ၁၅၃၀ သာရှိသော နိုင်ငံဖြစ်သည်။ ဂမ်ဘီယာနိုင်ငံ၏ အနောက်ဘက်သမုဒ္ဒရာကမ်းရိုး တန်းမှလွဲ၍ ကျန်နေရာများကို ဆီနီဂေါလ်နိုင်ငံက ပတ်လည် ဝန်းရံထားသည်။

အချုပ်အခြာအာဏာအင်္ဂါရပ်များ အပြည့်မရှိသောနိုင်ငံ

လွတ်လပ်ရေးကိုရခဲ့သော်လည်း ဂမ်ဘီယာ သည် နိုင်ငံတစ်နိုင်ငံရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များ မပြည့်စုံပါ။ မိမိ၏ နယ်နိမိတ်နှင့် အချုပ်အခြာ အာဏာကို ကာကွယ်ခုခံရန် တပ်အင်အားပင် လုံလောက်စွာမရှိချေ။ ဥပမာ- ၁၉၈၁ ခုနှစ်တွင် ပုန်ကန်မှုတစ်ခုဖြစ်ခဲ့ရာ၊ ဂမ်ဘီယာနိုင်ငံသမ္မတ ဆာဒေါ်ဒါဂျာဝါရာ (Sir Dawda Jawara) သည် ဆီနီဂေါလ်နိုင်ငံအစိုးရထံ သူပုန်များကို တိုက်ထုတ် ပေးရန် စစ်အကူအညီတောင်းခဲ့ရသည်။ ထို စစ်ပွဲကို ဆီနီဂေါလ်စစ်တပ်က လွယ်ကူစွာပင် အနိုင်ရရှိခဲ့ သည်။ ၁၉၈၂ ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံနှင့် ဆီနီဂေါလ်နိုင်ငံတို့သည် ပူးပေါင်း၍ Senegambia ကွန်ဖက်ဒရေးရှင်းနိုင်ငံဖွဲ့ရန် သဘောတူစာချုပ် ကို လက်မှတ်ထိုးခဲ့ကြသည်။ သို့သော် ၁၉၈۶ ခုနှစ် တွင် ဂမ်ဘီယာနိုင်ငံသည် ဆက်မပေါင်းနိုင်တော့ ဟူ၍ ခွဲထွက်ခဲ့၍ ထိုနှစ်နိုင်ငံသည် သပ်သပ်စီ ပြန်ဖြစ်သွားသည်။ ယနေ့အထိ၊ ဆီနီဂေါလ်နိုင်ငံ သည် အချိန်မရွေး ဂမ်ဘီယာကို ဝင်တိုက်နိုင်သည်။

✳ လွတ်လပ်ရေးကိုရခဲ့သော်လည်း ဂမ်ဘီယာသည် နိုင်ငံတစ်နိုင်ငံ ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များ မပြည့်စုံပါ။ မိမိ၏ နယ်နိမိတ်နှင့် အချုပ်အခြာအာဏာကို ကာကွယ်ခုခံရန် တပ်အင်အားပင် လုံလောက်စွာမရှိချေ။ ဥပမာ- ၁۶၈၁ ခုနှစ်တွင် ပုန်ကန်မှုတစ်ခု ဖြစ်ခဲ့ရာ ဂမ်ဘီယာနိုင်ငံသမ္မတ ဆာဒေါ်ဒါဂျာဝါရာ (Sir Dawda Jawara)သည် ဆီနီဂေါလ်နိုင်ငံအစိုးရထံ သူပုန်များကို တိုက်ထုတ်ပေးရန် စစ်အကူအညီတောင်းခဲ့ရ

ဥပမာ- ၂၀၁၆ ရွေးကောက်ပွဲ၏ရလဒ်ကို လက်မခံ ဟု သမ္မတယာယားဂျာမဲက ကြေညာခဲ့သည်။ ၂၀၁၇ ဧနဝါရီလတွင် ဆီနီဂေါလ်နိုင်ငံ အပါအဝင် အိမ်နားနီးချင်းနိုင်ငံများ "ECOWAS" စစ်တပ်များ သည် ဆီနီဂေါလ်နိုင်ငံမှ ဂမ်ဘီယာသို့ စဝင်လာမှ သမ္မတယာယားဂျာမဲက အရှုံးပေး၍ ထွက်ခွာသွား သည်။ သမ္မတသစ်ဖြစ်သော အာဒါးမားဘဲရိုးသည် လည်း ယာယားဂျာမဲ မထွက်မချင်း ဂမ်ဘီယာနိုင်ငံ သို့မပြန်ရဲဘဲ အားကိုးနေကျ ဆီနီဂေါလ်နိုင်ငံတွင်သာ ဂမ်ဘီယာသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

လူအရင်းအမြစ် အားနည်းသောနိုင်ငံ

ကျွန်မ အာဖရိကကို ရောက်သောနှစ်၌ပင် ဗိုလ်ကြီးအဆင့်သာရှိသော ယာယားဂျာမဲသည် အာဏာသိမ်းခဲ့၍ ၁۶၉۶ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဧနဝါရီလအထိ အုပ်ချုပ်ခဲ့သည်။ မိမိကိုယ်တိုင် အခြေခံပညာရေးအဆင့်သာ ရှိခဲ့သောသူဖြစ်သည်။ ပညာတတ်များ ရှားပါးသောနိုင်ငံဖြစ်သည်။ ဂမ်ဘီယာတရားရုံးချုပ်တွင် နိုင်ငံခြားသားများ (အထူးသဖြင့် နိုင်ဂျီးရီးယားနှင့် ဆီနာလီယွန်နိုင်ငံ သားများ)ကို တရားသူကြီးများ ခန့်ခဲ့ဖူးသလို ဂမ်ဘီယာ၏ တရားသူကြီးချုပ်နေရာတွင်လည်း ပါကစ္စတန်၊ နိုင်ဂျီးရီးယား။ ဂါနာနိုင်ငံသားများအား ခန့်ခဲ့ဖူးသည်။ ဂမ်ဘီယာနိုင်ငံ၏ ပထမဦးဆုံး တက္ကသိုလ်ကို ၁۶၉۶-၁۶၉۶ မှသာ စတည်ထောင်ခဲ့ သည်။

ဓာတ်ခွဲခန်းသုံးကြွက်ဖြူဘဝ

ကျွန်မ၏ ဝါရင့်လုပ်ဖော်ကိုင်ဖက်များသည် ဂမ်ဘီယာနိုင်ငံကို "အာဖရိက၏ ဓာတ်ခွဲခန်း" ဟူ၍ ရှုတ်ချဖော်ပြခဲ့သည်။ ဂမ်ဘီယာအစိုးရသည် မိမိ လူမျိုး၏ ကောင်းကျိုးထက် အနောက်နိုင်ငံများမှ သုတေသနအဖွဲ့အစည်းများကို ဦးစားပေးခြင်းကို ဆိုလိုသည်။ ဗြိတိန်နိုင်ငံမှ ဆေးသုတေသနကောင်စီ (MRC, the Medical Research Council Unit, The Gambia, at the London School of Hygiene & Tropical Medicine) သည် ဂမ်ဘီယာနိုင်ငံ၌ ၁۶၄۶ ခုနှစ်တွင် သုတေသနလုပ်ငန်းများကို စတင် တည်ထောင်ခဲ့သည်။ ကျွန်မအာဖရိကတွင် တာဝန် ထမ်းဆောင်နေစဉ် MRC သည် ဂမ်ဘီယာတွင် ဗြိတိန်နိုင်ငံ၏ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုကြီး ဖြစ်သည်။ MRC ၏ ကျွန်းမာရေးသုတေသန ပရောဂျက်များ၏ အဓိကရည်ရွယ်ချက်များမှာ စာတမ်းများ ထုတ်ဝေရန်၊ ယင်းစာတမ်းများကို ပြုစုသော သုတေသီများ နာမည်ကြီးစေရန်၊ သုတေသနလုပ်ငန်းများ ကြီးသည်ထက်ကြီးအောင် တိုးချဲ့၍ ရန်ပုံငွေများရရှိရန်တို့ဖြစ်သည်ဟု သုံးသပ် ကြသည်။ ယင်းပရောဂျက်များကို ကိုင်တွယ်ရသော ဂမ်ဘီယာ အစိုးရဝန်ထမ်းများလည်း ပရောဂျက် ကြေးငွေများရခဲ့သည်။ ရောဂါများနှင့်ပတ်သက်၍ အမျိုးမျိုး စမ်းသပ်ခံနေရသော၊ ပညာမတတ်သော ဂမ်ဘီယာရွာသားများသည်လည်း နေ့တွက်ရငွေများ နှင့် ကျေနပ်နေမည်ဟု တွက်ဆရိပ်ပါသည်။ သို့သော် မိမိနိုင်ငံနှင့်လူမျိုး၏ ကျန်းမာရေး တိုးတက်လာစေ ရန်၊ ရောဂါနှိမ်နှင်းများ ကျဆင်းစေရန် အစရှိသဖြင့် အဓိက ဖြစ်သင့်သော ရည်ရွယ်ချက်များကိုကား ဦးတည်ခဲ့ပုံမပေါ်ပေ။ ဥပမာ- ၄က်ဖျားရောဂါ တိုက်ဖျက်ရန်အတွက် MRC ၏ နာမည်ကြီး "ပိုးလောက်လမ်းထိန်းချုပ်ရေး ပရောဂျက်" Larval Control Project (lcp) သည် ၄က်ဖျားရောဂါဖြစ်မှု နှုန်းကို လျော့ကျသွားအောင် မလုပ်နိုင်ခဲ့ပေ။ ဤရည်မှန်းချက်လည်းရှိခဲ့ပုံ မပေါ်ပေ။ အဲ့ဩရစ္စာမှာ ဂမ်ဘီယာနိုင်ငံသားများနှင့် အစိုးရက ဤကဲ့သို့ ကျင့်ဝတ်သိက္ခာချိုးဖောက်သည့် သုတေသန လုပ်ငန်းများကို မကန့်ကွက်ခဲ့ပေ။ နောက်ဆုံး၌ အခြားအနောက်တိုင်းသားများကသာ ယင်း ကျင့်ဝတ်ဆိုင်ရာပြဿနာများကို မီးမောင်းထိုးပြခဲ့ ပါသည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် MRC ရုံးချုပ်သည် ဂမ်ဘီယာနိုင်ငံရှိ လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လျော့ချမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်လိုက်သည်။ MRC နှင့် စပ်လျဉ်း နေသောဖြစ်ရပ်များသည် ခေတ်အဆက်ဆက်မှ ဂမ်ဘီယာအကြီးအကဲများ၏ စိတ်ဓာတ်ကိုပြသည်။ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း မိမိ၏လူမျိုးကို နိုင်ငံခြားသားများ၏ အစမ်းသပ်ခံကြွက်ဖြူဘဝသို့ ရောက်အောင် တွန်းပို့ခဲ့သော စိတ်ဓာတ်၊ နိုင်ငံခြား သားများကို အကြွင်းမဲ့အထင်ကြီးသော စိတ်ဓာတ် ဟု သုံးသပ်နိုင်သည်။

ဆိုးရွားသော ကျော်ကြားမှု

ကျွန်မအာဖရိကကို မရောက်သေးသည့်အချိန်မှ စ၍ ယနေ့အထိတိုင်အောင် ဂမ်ဘီယာနိုင်ငံသည် လင်မှုဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အတွက် ကျော်ကြားနေသည်။ အချို့အာရှနိုင်ငံများရှိ လင်မှုဆိုင်ရာ ခရီးသွားလုပ်ငန်းများနှင့်မတူ။ ဂမ်ဘီယာနိုင်ငံတွင်ကား *စာမျက်နှာ ၁၁ သို့*

မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ရန်ကုန် အောက်တိုဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် မူးယစ်ဆေးဖြတ်ပြီးနောက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟို ရုံးမှ ဧနန်လဝါရီ ၁ ရက်မှ ယနေ့အထိ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ စောင့်ရှောက်မှု ခံယူပြီးသည့် မူးယစ်ဆေးဖြတ်သင်တန်းသား ၆၀ ကျော်ရှိပြီးဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်က အဆိုပါ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး စုပေါင်းခန်းမ၌ သတ္တမ အကြိမ်မြောက် ပြုလုပ်သည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပွဲ အခမ်းအနား ပြုလုပ်သည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို ဥက္ကဋ္ဌဦးစံပိုင်ခိုက ပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်း၊ အသင်းဗဟို အလုပ်အမှုဆောင် ဒေါ်တင်တင်မြင့်နှင့် ကျောင်းသားလူငယ်ထု ဆက်သွယ်ရေး သံတမန် ဟာသသရုပ်ဆောင် လူရွင်တော် ဦးချစ်ချောတို့က မူးယစ်ဆေးဖြတ်ပြီး၍ နောက်ဆက်တွဲစောင့်ရှောက်မှု ခံယူပြီးသည့် သင်တန်းသားများအား ဘဝအောင်မြင်တိုးတက်စေရေးအတွက် ဆုံးမစကားများ ပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အခမ်းအနားသို့ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌနှင့်အသင်းသား အသင်းသူများ၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မေတ္တာစံအိမ်ရှိ မူးယစ်ဆေးဖြတ် သင်တန်းသားများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်းနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စုစုပေါင်း မူးယစ်ဆေးဖြတ်သင်တန်းသား ၆၄ ဦးကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ဘားအံမြို့နယ်၌ ကျေးလက်နေပြည်သူများအတွက် ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ဘားအံ အောက်တိုဘာ ၃၀

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဇလပြင်ကျေးရွာအုပ်စု ကတွန်းတာကျေးရွာတွင် ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က တာဝန်ရှိသူများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကတွန်းတာကျေးရွာ၌ ကျေးရွာတွင်းဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကတွန်းတာကျေးရွာတွင် လမ်းအရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ပေ၊ အမြင့် တစ်ပေရှိ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၃၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ရာနှုန်းပြည့် ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသော ထုတ်ကုန်ထွက်ကုန်များ စျေးကွက်သို့ အချိန်မီပေးပို့နိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လူ

စက်စဲကမ်းခြေ၌ အပန်းဖြေရေကစားသူများ အထူးစည်ကား

သံဖြူဧရပ် အောက်တိုဘာ ၃၀

မွန်ပြည်နယ် သံဖြူဧရပ်မြို့နယ် စက်စဲ၌ ခရီးသွားဧည့်သည်များ ဝင်ရောက်များပြားလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်က စက်စဲ အပန်းဖြေကမ်းခြေတစ်လျှောက် အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကမ်းခြေ၌ သီတင်းကျွတ်ကာလ ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ရှည်ကာလများဖြစ်၍ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အပန်းဖြေရေကစားသူများမှ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား လာရောက်ဖူးမြော်ပြီး အပြန်တွင် စက်စဲကျေးရွာရှိ စက်စဲကမ်းခြေသို့လာရောက်၍ သဲသောင်ပြင်၌ မြင်းစီးခြင်း၊ စက်ဘီးစီးခြင်းနှင့်အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပန်းဖြေရေကစားသူများမှ စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပရဟိတလူငယ်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ညောင်ဦးမြို့နယ်၌ ဖရုံ(ကွာစေ့)စိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်း

ညောင်ဦး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ စိုက်ပျိုးထားသည့် (ကွာစေ့)ဖရုံစိုက်တောင်သူများ ယခုနှစ်တွင် အောင်မြင်ဖြစ်ထွန်းမှုကောင်းနေကြောင်း ကျောက်စစ်ကန်ကျေးရွာ(ကွာစေ့)ဖရုံစိုက် တောင်သူ ဒေါ်တင်မာအေးက ပြောသည်။

ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများသည် (ကွာစေ့)ဖရုံစိုက်ပျိုးခြင်းကို နှစ်စဉ်နှစ်တိုင်း ဝါဆိုလတွင်းယာမြေထဲတွင် ကြပက်စိုက်ပျိုးကြကြောင်းသိရပြီး နှမ်းနှင့်သော်လည်းကောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့နှင့်ရောကာ ကြပက်စိုက်ပျိုးထားကြောင်း၊ အသီးနုချိန်တွင် ပိုးတီ(စီ)ရစ်ကာဖရုံချည်လုပ်သိပ်ထားပြီး ညောင်ဦးစျေး၊ ငုံသရောက်စျေး၊ တောင်ဇင်းစျေးတို့တွင် ရောင်းချခြင်း၊ အသီးနုသူးရောင်းချကြကြောင်း အဆိုပါတောင်သူက ပြောကြားသည်။

ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ ကြပက်စိုက်ပျိုးသည့် (ကွာစေ့)ဖရုံအား အခြားဒေသများတွင် ဖရဲသီးဟုခေါ်သော်လည်း ကျေးလက်တောင်သူများမှာဖရုံဟုသာခေါ်ကြောင်း၊ ဖရုံသီးရင့်မှည့်ချိန် အစေ့သာယူပြီး အသားနှင့်အခွံအား နွားစာအဖြစ် အသုံးပြုကျွေးကြောင်း သိရသည်။ ယခုနှစ်တွင် ဖရုံစေ့တစ်တင်း ငွေကျပ် ၃၅၀၀၀ ရောင်းချကြပြီး ငွေလိုအပ်သည့် တောင်သူများ အစေ့ထုတ်နေလုန်းကာ ချက်ချင်း ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။ **ဒီပါလင်း**

စာမျက်နှာ ၁၀ မှ

ဂမ်ဘီယာအမျိုးသားငယ်များနှင့် အမျိုးသား ပြည့်တန်ဆာများသည် ဗြိတိန်နှင့် ဥရောပ မြောက်ပိုင်းမှ အသက် ၇၀၊ ၈၀ ကျော်များ အပါအဝင် သက်ကြီးရွယ်အို အမျိုးသမီးကြီးများအတွက် လိင်မှုဆိုင်ရာဝန်ဆောင်မှုများအပေါ် အခြေခံထားသော ခရီးသွားလုပ်ငန်း ဖြစ်သည်။ ၁၉၉၄-၁၉၉၉ ကာလတွင် ဂမ်ဘီယာနိုင်ငံ၏ မြို့တော် ဘန်ဂျူးလ် မြို့(Banjul)သို့ ကျွန်မသွားရောက်ခဲ့စဉ်က လုပ်ဖော်ကိုင်ဖက်များက သတိပေးထားသောကြောင့် ဟိုတယ်အပြင်ရှိ ကမ်းခြေကို မသွားခဲ့ချေ။ ထိုကမ်းခြေပေါ်တွင် ဂမ်ဘီယာလူငယ်များ အုန်းအုန်းကျွက်ကျွက် သွားလာလှုပ်ရှားနေသည်ကို ဟိုတယ်ပြတင်းပေါက်များမှ လှမ်းမြင်နေရ၏။ ယနေ့အထိ ဂမ်ဘီယာနိုင်ငံသည် အသက် (၅၀) နှင့်အထက် သက်ကြီးရွယ်အို အမျိုးသမီးကြီးများကို လိင်မှုဆိုင်ရာဝန်ဆောင်မှုများပေးနိုင်သည့် နိုင်ငံဟူ၍ သတင်းစာများတွင် ဖော်ပြကြသည်။

နိဂုံး

ဂမ်ဘီယာနိုင်ငံသည် မိမိနိုင်ငံသားများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုခြင်းမပြုဘဲ တာတိုအတွက်ရရှိမည့် ဝင်ငွေများကိုသာကြည့်ပြီး ရှိသမျှအခွင့်အရေးများကို ရအောင်ယူတတ်သော နိုင်ငံဟု ဝေဖန်နိုင်ပါသည်။ ယင်းသည် နိုင်ငံခြားသုတေသနအဖွဲ့များမှ ရရှိသောပရောဂျက်ငွေများကိုကျေနပ်နေ၍ ပညာခေါင်းပါးသော မိမိ၏ ရွာသူရွာသားများကို နှစ်ပေါင်း ၄၀ ကျော် အစစ်သပ်ခံ ဘဝသို့တွန်းပို့ခဲ့သည်။ ထို့အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများမှ ဝင်ငွေကောင်းသောကြောင့် နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း မိမိ၏ အမျိုးသားလူငယ်များ ပျက်စီး၍ ဤကိစ္စနှင့်ပတ်သက်၍ နိုင်ငံ့သိက္ခာပါ ကျသွားခဲ့သည်။ ယခုအခါတွင် ဂမ်ဘီယာနိုင်ငံသည် ယင်းနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိသော မြန်မာကိစ္စတွင် မဟုတ်မမှန်သော စွဲချက်များဖြင့် မြန်မာနိုင်ငံအား အိုင်စီဂျေတွင် တရားစွဲခြင်းကြောင့် လည်း မည်သည့်အခွင့်အရေးများ၊ ငွေကြေးများရခဲ့သနည်းဟူ၍ မေးခွန်းထုတ်နိုင်သည်။ နိုင်ငံတိုင်းသည် မိမိလူမျိုး၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရန် တာဝန်ရှိသော်လည်း ဂမ်ဘီယာနိုင်ငံသည် ဤကိစ္စကို မကျေပွန်ခဲ့ဟူ၍ နိဂုံးချုပ်ရပါသည်။ ။

အညွှန်းများ။

သမိုင်းနှင့်စပ်လျဉ်းသော အညွှန်းများ

၁။ https://www.britannica.com/place/The-Gambia

၂။ https://2001-2009.state.gov/r/pa/ei/bgn/5459.htm

၃။ https://www.wikiwand.com/en/Yahya_A.J.J._Jammeh

၄။ https://newafricanmagazine.com/15079/

ဆေးသုတေသနနှင့် စပ်လျဉ်းသော အညွှန်းများ

၁။ https://www.ncbi.nlm.nih.gov/books/NBK279765/

၂။ https://www.thelancet.com/journals/lancet/ article/ PIIS0140-6736(97)21039-1/fulltext

၃။ https://www.nejm.org/doi/full/10.1056/NEJM199709183371212

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသော အညွှန်းများ

၁။ https://europeanconservative.com/articles/essay/the-rise-of-the-dirty-old-woman/

၂။ https://sports.yahoo.com/sex-tourism-african-nation-fed-172701874.html

၃။ https://www.dailymail.co.uk/news/article-8784285/Viewers-cringe-British-grannies-prey-Gambian-men-holiday-romance-Ch4-documentary.html

မိုးညှင်းဒေသမှထွက်ရှိသည့် ငါးပေါက်သီးမှတစ်ဆင့် ငါးပေါက်ယိုလုပ်ငန်းများအကြောင်း သိကောင်းစရာ

◆ တွေ့ဆုံမေးမြန်း- နွယ်နွယ်အေး၊ ဓာတ်ပုံ- ရွှေမိုးညှင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော "တိုးတက် ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်နှင့်အညီ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို မိုးညှင်းခရိုင်အတွင်း ဆောင်ရွက်လျက်ရှိပါသည်။

ကချင်ပြည်နယ် မိုးညှင်းခရိုင်တွင် မှတ်ပုံတင်ထားသည့် အသေးစား၊ အလယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းအရေအတွက်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ အကြီးစား ၂၂ ခု၊ အလတ်စား ၅၀ နှင့် အသေးစား ၇၅၁ ခု စုစုပေါင်း ၈၂၃ ခုတို့ မှတ်ပုံတင်ထားကြောင်း ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ မှတ်ပုံတင်ထားသည့်လုပ်ငန်းများမှ မိုးညှင်းဒေသတွင် သဘာဝအလျောက် ပေါက်ရောက်ပြီး ငါးပေါက်သီးမှတစ်ဆင့် ငါးပေါက်ယိုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို "မွေးမွေးခင်" ငါးပေါက်သီးယိုလုပ်ငန်းရှင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားဖော်ပြလိုက်ရပါသည်-

*** ငါးပေါက်ဆန်စားခြင်းရဲ့ အကျိုးကျေးဇူးတွေကတော့ လူ့ခန္ဓာကိုယ်ရဲ့ ဦးနှောက်ကို အဓိကအကျိုးပြုတဲ့ အစားအစာ ဖြစ်ပါတယ်။ ငါးပေါက်ဆန်၊ ငါးပေါက်ယိုစားတာဟာ ဦးနှောက်ကို လန်းဆန်းစေပြီး ဦးနှောက်မှတ်ဉာဏ်ကို ပိုမိုကောင်းမွန်စေတာကြောင့် ကလေးသူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ လူငယ်လူရွယ်တွေအပြင် လူကြီးတွေပါမကျန် အချိန်အခါမရွေး ရာသီမရွေး စားသုံးကြလျက်ရှိ**

ဖေ ။ ။ ကျွန်မတို့ ပြင်ပထိတော့ တင်ပို့ရောင်းချနိုင်မှုတော့ မရှိသေးပေမယ့် အခုလက်ရှိ အခြေအနေမှာတော့ မိုးညှင်းဘူတာအရှေ့ဆိုင်ခန်းမှာ ဆိုင်ဖွင့်ထားပြီး ရောင်းချနေရာကနေ ရန်ကုန်၊ မန္တလေး၊နေပြည်တော်အပါအဝင် တခြားနယ်မြို့များကိုလည်း တင်ပို့ရောင်းချနေပါတယ်။

မေး ။ ။ ငါးပေါက်ဆန်စားခြင်း၏အကျိုးကျေးဇူးများကိုလည်း ဆက်လက်ရှင်းပြပေးပါဦး။

ဖေ ။ ။ ငါးပေါက်ဆန်စားခြင်းရဲ့ အကျိုးကျေးဇူးတွေကတော့ လူ့ခန္ဓာကိုယ်ရဲ့ ဦးနှောက်ကို အဓိက အကျိုးပြုတဲ့ အစားအစာဖြစ်ပါတယ်။ ငါးပေါက်ဆန်၊ ငါးပေါက်ယိုစားတာဟာ ဦးနှောက်ကို လန်းဆန်းစေပြီး ဦးနှောက်မှတ်ဉာဏ်ကို ပိုမိုကောင်းမွန်စေတာကြောင့် ကလေးသူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ လူငယ်လူရွယ်တွေအပြင် လူကြီးတွေပါမကျန် အချိန်အခါမရွေး ရာသီမရွေး စားသုံးကြလျက်ရှိကြပါတယ်။

မေး ။ ။ ဆက်လက်ဆောင်ရွက်မည့် အခြေအနေနှင့် ရည်ရွယ်ချက်များကို သိလိုပါတယ်။

ဖေ ။ ။ ဆက်လက်ဆောင်ရွက်မယ့်အခြေအနေတွေနဲ့ ရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ကျွန်မတို့ ငါးပေါက်သီး၊ ငါးပေါက်ဆန်နဲ့ ငါးပေါက်ယိုတွေ ဝယ်ယူစားသုံးနိုင်ဖို့ကို ပထမဆုံး လုပ်ဆောင်ပါမယ်။ ဒုတိယအနေနဲ့ကတော့ မန္တလေးမြို့မှာ ဆိုင်ခွဲဖွင့်လုပ်နိုင်ဖို့အတွက် ကျွန်မတို့ ရည်ရွယ်ထားပါတယ်။

မေး ။ ။ နည်းပညာရပ်များ ဖြန့်ဝေပေးနိုင်မှုကိုလည်း ပြောပြပေးပါဦး။

ဖေ ။ ။ ဒီငါးပေါက်ယိုလုပ်ငန်းနဲ့ ပတ်သက်ပြီး နည်းပညာရပ်တွေကို ဖြန့်ဝေပေးနိုင်မှု အခြေအနေမှာဆိုရင် ကျွန်မတို့ကတော့ အခုလက်ရှိ အခြေအနေမှာ နည်းပညာရပ်တွေ သင်ကြားပို့ချပေးနိုင်မှုတော့ မရှိသေးပါဘူး။ နောက်ဆိုရင်တော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး နည်းပညာသင်တန်းတွေနဲ့ အရည်အသွေးတွေကို ပို၍ကောင်းမွန်အောင် သင်ကြားပြီး ဖြန့်ဝေပေးဖို့ အတွက်တော့ စီစဉ်ဆောင်ရွက်ထားပါတယ်။

မေး ။ ။ ကျွန်မတို့ရောနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများကိုလည်း ပြောပြပေးပါဦး။

ဖေ ။ ။ ဒေသထွက်ရှိတဲ့ ငါးပေါက်သီးကို ကုန်ကြမ်းကနေ ယိုထိုးပြီး ထုပ်ပိုးမှုအဆင့်ဆင့်ကနေ ကုန်ချောဖြစ်လာတဲ့အဆင့်အထိ သန့်ရှင်းလတ်ဆတ်ပြီး ကျွန်းမာရေးနဲ့လည်း ညီညွတ်အောင် အထူးဦးစားပေး ပြုလုပ်ထားတာဖြစ်လို့ ကျွန်မအစောကပြောခဲ့သလိုပဲ လူ့ခန္ဓာကိုယ်ရဲ့ဦးနှောက်ကို အဓိကအကျိုးပြုတဲ့ အစားအစာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မေး ။ ။ ဆုတံဆိပ်ရရှိမှုအခြေအနေကို သိလိုပါတယ်။

ဖေ ။ ။ ကျွန်မတို့ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ဆုတံဆိပ်ရရှိမှုအခြေအနေမှာတော့ မရှိသေးပါဘူးရှင့်။ နိုင်ငံတကာ အရည်အသွေးပြည့်မီသည်အထိ လုပ်ဆောင်သွားဖို့အတွက် နည်းပညာရပ်တွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး အကောင်းဆုံးအထိ ကျွန်မတို့ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး ။ ။ ပြပွဲပြသမှု အခြေအနေများကိုလည်း ဆက်လက်ပြောပြပေးပါဦး။

ဖေ ။ ။ ပြပွဲပြသမှုအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့ ၂၀၂၃ ခုနှစ် မတ်လ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် နေပြည်တော်မှာ အသေးစားစက်မှုလက်မှုထုတ်ကုန်နဲ့ ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းတွေပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်အပြင် MSME လုပ်ငန်းနဲ့ပတ်သက်ပြီး အခြားသောနယ်တွေမှာလည်း ဝင်ရောက်ပြသရောင်းချခဲ့ပါတယ်။ လူစိတ်ဝင်စားမှုတွေ များပြားခဲ့သလို ရောင်းအားတွေလည်း ကောင်းခဲ့ပါတယ်။

မေး ။ ။ ကုန်ကြမ်းနှင့် ဈေးကွက်အခြေအနေများလည်း သိလိုပါတယ်။

ဖေ ။ ။ ကျွန်မတို့အနေနဲ့ကတော့ ငါးပေါက်သီး ကုန်ကြမ်းဆိုတာမျိုးက တောထဲကနေ ရယူရတာဖြစ်တဲ့အတွက် အခုအခြေအနေအရ အခက်အခဲလေးတွေ အနည်းငယ်တော့ ရှိပါတယ်။ ဈေးကွက်အခြေအနေနဲ့ ပြောရမယ်ဆိုရင်လည်း ပစ္စည်းအဆင့်ဆင့်ကနေ ထုတ်လုပ်မှုအခြေအနေနဲ့ ထုပ်ပိုးမှုကုန်ကျစရိတ်တွေက ကြီးမြင့်လာတာနဲ့ အမျှ စားသုံးသူတွေလည်း စိတ်ကျေနပ်မှုရှိစေမယ့် အခြေအနေတွေနဲ့ စားသုံးရတဲ့အရသာလည်း လျော့ကျမသွားအောင် အတတ်နိုင်ဆုံးကြိုးစားပြီး ထုတ်လုပ်နေပါတယ်။ အခုလက်ရှိ ကျွန်မတို့ကလည်း လူတန်းစားအလိုက် ဝယ်ယူစားသုံးနိုင်အောင် အကောင်းဆုံးကြိုးစားပြီး ထုတ်လုပ်ရောင်းချနေပါတယ်။

ဆက်လက်ပြီး ကျွန်မတို့အနေနဲ့ ငါးပေါက်ဆန်ကို ယိုထိုးပြီး ရောင်းချရုံသာမက ငါးပေါက်ဆန်ကြော်၊ ငါးပေါက်သီးလုံး၊ ချဉ်စော်ကားသီးယိုလုပ်ငန်းနဲ့ ရဲယိုသီးယိုလုပ်ငန်းစတဲ့ လုပ်ငန်းတွေကိုလည်း တွဲဖက်၍ ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်ဟု ပြောကြားလိုပါတယ်ရှင့်။

သို့ဖြစ်ပါ၍ မိုးညှင်းခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအနက် ငါးပေါက်ယိုလုပ်ငန်းသည် မိသားစုအတွက်ဝင်ငွေများ တိုးပွားလာသည်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သော ငါးပေါက်ယို လုပ်ငန်းများအကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

အသင့်စားသုံးရန် ထုပ်ပိုးထားသော ငါးပေါက်သီးယိုဘူးများ။

နမ္မနှာခင်းကျင်းပြသထားသော ပစ္စည်းများ။

အမေရိကန်အစိုးရက ဥဏှာရည်တုစနစ်များ ဘေးကင်းရေးအတွက် စီရင်ဆုံးဖြတ်ခွင့်အမိန့်တစ်ရပ် ထုတ်ပြန်

နယူးယောက် အောက်တိုဘာ ၃၀

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့သည် ဥဏှာရည်တုစနစ်များပေါ်တွင် ဘေးကင်းရေးအစီအမံများကို အကောင်အထည်ဖော်ရန်

စီရင်ဆုံးဖြတ်ခွင့်အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

လျှင်မြန်စွာပြောင်းလဲနေသော ဥဏှာရည်တု နည်းပညာကြောင့် အများပြည်သူ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို မထိခိုက်စေရန် အုပ်ချုပ်ရေးအဖွဲ့က အောက်တိုဘာ ၃၀ ရက်တွင် အမိန့်ထုတ်ပြန်သည်။ အဆိုပါအမိန့်တွင် အများပြည်သူသိရှိအောင်မထုတ်ပြန်မီ ဘေးကင်းကြောင်းသေချာစေရန် ကျယ်ပြန့်သော လုံခြုံရေးစမ်းသပ်မှုဆိုင်ရာ စံနှုန်းများထားရှိရန်၊ ဥဏှာရည်တုနည်းပညာရင်များအနေဖြင့် လုံခြုံရေး စစ်ဆေးမှုရလဒ်များနှင့် အခြားအရေးကြီးသော အချက်အလက်များကို အစိုးရနှင့်မျှဝေဆောင်ရွက်သွားရန် ဖက်ဒရယ်အေဂျင်စီများကို ညွှန်ကြားထားသည်။

ဥဏှာရည်တုနည်းပညာဖြင့် ထုတ်လုပ်သည့် အကြောင်းအရာများကို ရှင်းလင်းစွာတံဆိပ်တပ်ရန်၊ အကြောင်းအရာစစ်မှန်ကြောင်း အထောက်အထားပြခြင်းနှင့် ရေစာအမှတ်အသားပြုလုပ်ခြင်း အတွက်အစိုးရက လမ်းညွှန်ချက်ပြုစုမည်ဖြစ်ပြီး ကျန်းမာရေး စောင့်ရှောက်မှုနှင့်ရာသီဥတုပြောင်းလဲမှုကဲ့သို့သော အရေးကြီးသည့် နယ်ပယ်များတွင် ဥဏှာရည်တုနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် ထောက်ပံ့ကြေးများ တိုးချဲ့သွားမည်ဖြစ်သည်။

အင်နိန်အိတ်ချ်ကေ

ဟားမားစ်အဖွဲ့ဖမ်းဆီးထားသည့် ထိုင်းနိုင်ငံသားများ လွတ်မြောက်ရေးအတွက် အရှေ့အလယ်ပိုင်းသို့ ဝန်ကြီးတစ်ဦးစေလွှတ်မည်

ဘန်ကောက် အောက်တိုဘာ ၃၀

ထိုင်းဝန်ကြီးချုပ် ဆရာဝါသာ သာဗီဆင်က ဟားမားစ်တို့ ဖမ်းဆီးထားသည့် ထိုင်းနိုင်ငံသား ဓားစာခံများ လွတ်မြောက်ရေးအတွက် အရှေ့အလယ်ပိုင်းသို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးကို စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အောက်တိုဘာ ၇ ရက်က ဟားမားစ်အဖွဲ့၏ ရုတ်တရက် တိုက်ခိုက်မှုကြောင့် ထိုင်းလူမျိုး ၃၂ ဦး သေဆုံးခဲ့ပြီး အခြား ၂၂ ဦးကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း အစိုးရက အောက်တိုဘာ ၂၉ ရက်တွင် အတည်ပြုပြောကြားသည်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက အပြစ်မဲ့အရပ်သားများအား သတ်ဖြတ်ခြင်းကို ရွှတ်ချခဲ့ပြီး ဓားစာခံများအားလုံးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုထားသည်။

အင်နိန်အိတ်ချ်ကေ

ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁၀ သန်းနီးပါးရှိ

ဟန္တိုင်း အောက်တိုဘာ ၃၀

ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု စုစုပေါင်း ၁၀ သန်းနီးပါးအထိ ရောက်ရှိခဲ့ကြောင်းနှင့် တစ်နှစ်ထက်တစ်နှစ် ၄ဒသမ၂ဆမြင့်တက်လာကြောင်း အထွေထွေ စာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမ ၁၀ လအတွင်း ထိုကဲ့သို့ ဝင်ရောက်မှုက ပစ်မှတ်ထားသည့် တစ်နှစ်ပတ်လုံး နိုင်ငံတကာခရီးသွားဝင်ရောက်မှု ရှစ်သန်းကို ကျော်လွန်လာကြောင်း ဗီယက်နမ်နယူးစ်၏ အောက်တိုဘာ ၃၀ ရက်ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသို့အောက်တိုဘာလအတွင်း နိုင်ငံတကာ ခရီးသွား ၁ ဒသမ ၁၁ သန်း ဝင်ရောက်မှုရှိခဲ့ပြီး စက်တင်ဘာလက ဝင်ရောက်မှုထက် ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်းနှင့် ပြီးခဲ့သည့်နှစ်က အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံသို့ အားလပ်ရက်အပန်းဖြေခရီးထွက်သူ ၂ ဒသမ ၉ သန်းဖြင့် အများဆုံးနှင့် ယင်းနောက်တွင် တရုတ်နိုင်ငံက အများဆုံးဖြစ်သည်။ အဆိုပါ နှစ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်လာသူအရေအတွက်မှာ စုစုပေါင်း ဝင်ရောက်မှု ၏ ၄၂ ရာခိုင်နှုန်းရှိကြောင်း အာဏာပိုင်များက ပြောသည်။

ဆင်ဟွာ

ကင်မရွန်းတပ်မတော်၏ ထိုးစစ်ဆင်မှုအတွင်း ခွဲထွက်ရေးသမားငါးဦး သေဆုံး

ယောင်အွန်ဒေး အောက်တိုဘာ ၃၀

ကင်မရွန်းနိုင်ငံ အနောက်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းရှိ စစ်ဖြစ်ရာဒေသများတွင် ခွဲထွက်တိုက်ခိုက်ရေးသမား ငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း စစ်တပ်သတင်းရင်းမြစ်များက အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၃၀ ရက် အစောပိုင်းက အနောက်မြောက်ဒေသရှိ ဖူရူအာဝဒေသကို စစ်တပ်က ဝင်ရောက်စီးနင်းခဲ့ရာ ခွဲထွက်ရေးသမား သုံးဦးကို အသေပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း နယ်မြေခံတပ်မှ အရာရှိတစ်ဦးက ပြောကြားသည်။

ယင်းနေ့ ညနေပိုင်းတွင် တပ်ဖွဲ့ဝင်များသည် အနောက်တောင်ဒေသ ဘယ်လန်ဂီဒေသရှိ ခွဲထွက်ရေးသမားများ ခိုအောင်းရာနေရာကို တိုက်ခိုက်ခဲ့ရာ ခွဲထွက်တိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးခဲ့သည်။ စီးနင်းမှုအတွင်း သေဆုံးခဲ့သူများအနက် ထိပ်တန်းတပ်မှူး နှစ်ဦးလည်း ပါဝင်ပြီး တပ်မတော်ဘက်မှ ထိခိုက်ကျဆုံးသူမရှိကြောင်း အမည်မဖော်လိုသူ ကင်မရွန်းတပ်မတော်အရာရှိတစ်ဦးက ပြောသည်။

ကင်မရွန်းနိုင်ငံ၏ အန်ဂလိုဗုန်း ဒေသများသည် ၂၀၁၇ ခုနှစ်ကတည်းက ခွဲထွက်ရေးသမားများ၏ ပုန်ကန်ထကြွမှုကို ကြုံတွေ့နေရသည်။

ဆင်ဟွာ

အစ္စရေးတပ်ဖွဲ့များ ဂါဇာကမ်းမြောင်သို့ သုံးကီလိုမီတာခန့် ဝင်ရောက်

ဂျေရုဆလင် အောက်တိုဘာ ၃၀

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင် မြောက်ဘက်ပိုင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်းနှင့် တောင်ဘက်စူးစူးသို့ သုံးကီလိုမီတာခန့် ချီတက်ဝင်ရောက်လာသည့် ပုံရိပ်လက္ခဏာတွေ့ရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးတပ်မတော်သည် ဂါဇာတွင် ပြင်းထန်သည့် လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်များကို အောက်တိုဘာ ၂၉ ရက်တွင် ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ အစ္စရေးအနေဖြင့် မြေပြင်စစ်ဆင်ရေးများကို တဖြည်းဖြည်းတိုးချဲ့သွားမည်ဖြစ်ကြောင်းနှင့် နေ့ကထပ်တပ်ဖွဲ့များကိုလည်း ဂါဇာသို့ စေလွှတ်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

အောက်တိုဘာ ၂၈ ရက်က အစ္စရေး - ဂါဇာ နယ်စပ်အနီး ရိုက်ကူးရရှိသော ဗြိုဟ်တုဓာတ်ပုံများတွင် မော်တော်ယာဉ်လမ်းကြောင်းများဟု ယူဆရသည့် လမ်းကြောင်းများသည် မြောက်ဘက်မှ တောင်ဘက်သို့ သွားလာနေကြောင်း ပြသနေသည်။ ယခင်နှစ်ရက်တွင် ထိုကဲ့သို့ သွားလာခြင်း မရှိခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးသည် အမိုးပေါ်တွင် ၎င်းတို့နိုင်ငံ၏ အလံကို လွှင့်ထူနေပုံနှင့်ပတ်သက်ပြီး အစ္စရေးမီဒီယာက ဆိုရှယ်မီဒီယာတွင် ဗီဒီယိုတစ်ခု တင်ခဲ့သည်။ ယင်းဗီဒီယိုတင်သည့်နေ့ရာမှာ အစ္စရေး-ဂါဇာကမ်းမြောင်မှ သုံးကီလိုမီတာအကွာဖြစ်ကြောင်း စီအင်နိ်အင်နဲ့ရုပ်မြင်သံကြားက ပြောသည်။

အစ္စရေးအာဏာပိုင်များက ၎င်းတို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ပြောကြားထားကြောင်း ဂါဇာ မြောက်ပိုင်းမှ ဆေးရုံတစ်ရုံ၏ တာဝန်ရှိသူများက ဆိုသည်။ သို့သော်လည်း ဆေးရုံတွင် လူနာ ၄၀၀ ကျော်နှင့် အိုးအိမ်စွန့်ခွာလာသူ ၁၄၀၀၀ ခိုလှုံနေထိုင်လျက်ရှိသည့်အတွက် ၎င်းတို့၏ ဘေးလွတ်ရာ ပြောင်းရွှေ့ရေးပြောဆိုမှုသည် မဖြစ်နိုင်ကြောင်း သိရသည်။ တာဝန်ရှိသူများက ဆေးရုံများအား တိုက်ခိုက်မှု ရပ်တန့်ရန် အစ္စရေးကို တိုက်တွန်းထားသည်။

အစ္စရေး-ဂါဇာ တိုက်ပွဲအတွင်း ဂါဇာကမ်းမြောင် ဘက်တွင် လူပေါင်း ၈၀၀၅ ဦးနှင့် အစ္စရေးဘက်တွင် ၁၄၀၀ ထက်မနည်း သေဆုံးကြောင်း သိရသည်။

အင်နိန်အိတ်ချ်ကေ

ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး ထန်တလန်မြို့အား ပြန်လည်ထိန်းချုပ်

နေပြည်တော် အောက်တိုဘာ ၃၀ ချင်းပြည်နယ် ထန်တလန်မြို့တွင် လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား အလစ်အငိုက် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ပြီး ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်ကာ ငါနဲ့မတူ၊ ငါ့ရန်သူဟု သဘောထား၍ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် နိုင်ငံပိုင်အဆောက်အဦများအား ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ၎င်းအဆောက်အဦများကို အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိသည့် CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့ပြီး ထန်တလန်မြို့အား အောက်တိုဘာ ၂၉ရက်၊သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။



အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ထန်တလန်မြို့ မီးလောင်ပျက်စီးမှု အခြေအနေများ။

ပြန်လည်ထိန်းချုပ်နိုင်

အကြမ်းဖက် သမားများ အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီမှစ၍ မြို့လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်စစ်ကြောင်းနှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် သာလွန်အင်အားဖြင့် ထန်တလန်မြို့အား ဝင်ရောက်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အတတ်နိုင်ဆုံး ကြံ့ကြံ့ခံ ခုခံသော်လည်း ရာသီဥတု အခြေအနေနှင့် နယ်မြေအခြေအနေအရ မြို့၏ တောင်ဘက် အစွန် နေရာသို့ ခေတ္တဆုတ်ခွာ ခံစစ်ဆင်ခဲ့ခဲ့ရသည်။ ဆက်လက်၍ အကြမ်းဖက်သမားများက မြို့ကို ထိန်းချုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပိုင်းဝန်းပိတ်ဆို့လျက် သီးမြစ်ချောင်းကူးတံတား အထိ တဖြည်းဖြည်း ခြိမ်းခြောက်လာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက သြဂုတ်လမှစတင်ကာ ပထမအဆင့်အနေဖြင့် ဟားခါးမြို့မှ ၄ မိုင်ခန့် ကွာဝေးသည့် သီးမြစ်ချောင်းကူးတံတားအထိ ကနဦး ခြေကုပ်ရယူတိုက်ခိုက်သိမ်းပိုက်၍ လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် သီးမြစ်ချောင်းကူး တံတားမှတစ်ဆင့် ထန်တလန်မြို့အဝင် နေရာအထိလည်းကောင်း၊ တတိယအဆင့်အနေဖြင့် ထန်တလန်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးရုံးနှင့် CB Bank နေရာအထိလည်းကောင်း၊ စတုတ္ထနှင့် နောက်ဆုံးအဆင့်အဖြစ် ထန်တလန်မြို့ ဆေးရုံကုန်းနှင့် အခြေခံပညာအထက်တန်းကျောင်းတို့သို့လည်းကောင်း အဆင့်ဆင့် တိုက်ခိုက်သိမ်းပိုက်ခဲ့ရပြီး အကြမ်းဖက်သမားများ သိမ်းယူထားသည့် ထန်တလန်မြို့ လူနေအိမ်များနှင့် အဆောက်အဦများအား ထိခိုက်မှု

ထန်တလန်မြို့ Google ပုံကို တွေ့ရစဉ်။

အနည်းဆုံးဖြစ်စေရန် အဆင့်ဆင့် ခြေကုပ်ရယူ၍ စနစ်တကျ တိုက်ခိုက် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပြီး ရက်ပေါင်း ၉၀ ခန့်အကြာ အောက်တိုဘာလ ၂၉ ရက် သီတင်းကျွတ် လပြည့်နေ့တွင် ထန်တလန်မြို့ တစ်မြို့လုံးအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆုတ်ခွာထွက်ပြေး

တိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများ အနေဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဌာနဆိုင်ရာ အဆောက်အဦများတွင် အုတ်များစီ၍ ဘန်ကာသဖွယ် ပြုလုပ်ပြီး တပ်မတော် စစ်ကြောင်းများအား အပြင်းအထန် ပြန်လည်ပစ်ခတ်ခြင်း၊ နီးစပ်ရာ ဦးဆောင်လူပ်ရှားနေသည့် CNF ၊ CDF အဖွဲ့များက ဆိုင်ကယ်၊ ကားများဖြင့် အင်အားဖြည့်တင်းလျက် ပြန်လည်ပစ်ခတ်ခဲ့သည့်အပြင် ဒေသခံပြည်သူများကိုလည်း လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement –ROE) နှင့်အညီ တိကျစွာလိုက်နာပြီး အရပ်သားပြည်သူများ၊ မြို့တွင်းရှိ ဘာသာရေး အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား အတတ်နိုင်ဆုံး ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စနစ်တကျဆောင်ရွက်ခဲ့ရသည်။ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် အောက်တိုဘာလ ၂၉ ရက် သီတင်းကျွတ်လပြည့်နေ့တွင် အကြမ်းဖက်သမားများသည် ထန်တလန်မြို့အတွင်းရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်

စာမျက်နှာ ၁၅ သို့

သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံများ။

သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

သီတာကျေးရွာရှိ တံတားအား သောင်းကျန်းသူများက မိုင်းဖောက်ခွဲဖျက်ဆီးထားရှိမှုနှင့် တပ်မတော်သားများက အဆိုပါတံတားအား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု။

CNF နှင့် CDF အကြမ်းဖက်သမားများက ထန်တလန်မြို့ရှိ ဘာသာရေးအဆောက်အဦးဖြစ်သော TBC ဘုရားကျောင်းအတွင်း ဘန်ကာနှင့် ပစ်ကျင်းများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။

CNF နှင့် CDF အကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆောက်လုပ်ရေးရုံးအတွင်း ဘန်ကာများပြုလုပ်၍ စနိုက်ပါဖြင့် ပစ်ခတ်သည့်နေရာနှင့် ပစ်ကျင်းများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။

CNF နှင့် CDF အကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆေးရုံအတွင်း အဆောက်အဦများ ဖျက်ဆီးကာ လက်နက်ငယ် ပစ်ကျင်းများပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။

စာမျက်နှာ ၁၄ မှ

ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းရမိ

CNF ၊ CDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုများ ဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံ ၁၈ လက်နှင့် ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်း အများအပြား သိမ်းဆည်းရမိခဲ့သည်။

CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများသည် ထန်တလန်မြို့အတွင်းရှိ ဘာသာရေးအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် စီးပွားရေးလုပ်ငန်းရုံးများ အပါအဝင် အခိုင်အမာ လူနေအိမ်များ၏ ပရဝုဏ်အတွင်း အုတ်စီဘန်ကာများ အခိုင်အမာ တည်ဆောက်လျက် အဆင့်ဆင့်ခုခံခြင်း၊ စာသင်ခန်းများအတွင်းရှိ စာရေးခုံများကို အသုံးပြု၍ အုတ်များစီကာ ဘန်ကာသဖွယ် အခိုင်အမာစခန်းတည်ဆောက်ထားခြင်း အပြင် မြို့နယ်ပြည်သူ့ဆေးရုံ အတွင်း၌လည်း ဘန်ကာများပြုလုပ်၍ ခုခံခဲ့သည့်အနေအထားတို့ကို တွေ့ရှိခဲ့ရသည်။

ပြန်လည်ထူထောင်

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထန်တလန်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အဖျက်အစီးများ ဖယ်ရှား ရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ထန်တလန်မြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာမှ စီမံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှ စတင်၍ KIA ၊ MNDAA ၊ TNLA ပူးပေါင်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် အရှေ့မြောက်ဒေသရှိ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ ကြူကုတ်၊ မုံးကိုး၊ ဖောင်းဆိုင်ဒေသများ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့် လောက်ကိုင် စသည့် နယ်စပ်ဒေသများသို့အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် နယ်မြေလုံခြုံရေးစခန်းများအား တိုက်ခိုက်နှောင့်ယှက် ပစ်ခတ်ခြင်းနှင့် အေးချမ်းစွာ စီးပွားရှာလျက် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ နယ်စပ်ဒေသ ကုန်သွယ်ရေးပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေး စသည့် နိုင်ငံတော် ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်အထိ အပြန်အလှန် ထိတွေ့တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

CNF နှင့် CDF အကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်ကျောင်း ကျောင်းသူကျောင်းသားများ၏ စာသင်ဆောင်အတွင်း ကျူးကျော်ဝင်ရောက်ကာ အခိုင်အမာစခန်းပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။

CNF နှင့် CDF အကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်ကျောင်း အဆောက်အဦနံရံများအား ဖျက်ဆီး၍ သေနတ်ပစ်ပေါက်နှင့် မြေခွေးကျင်းများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။

CNF နှင့် CDF အကြမ်းဖက်သမားများက ထန်တလန်မြို့ ရဲစခန်း အဆောက်အဦအား ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ဘန်ကာများ ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ။

TNLA အကြမ်းဖက်သမားများက နမ့်ခမ်းမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သာယာကုန်းရပ်ကွက်မှ အသက် ၁၂ နှစ်နှင့် ၉ နှစ်အရွယ် ကလေးငယ် နှစ်ဦး သေဆုံးကာ အသက် လေးနှစ်အရွယ် ကလေးငယ် တစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အတွင်းသို့ TNLA အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သာယာကုန်းရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ကလေးငယ် နှစ်ဦး သေဆုံးကာ တစ်ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် နံနက် ၅ နာရီခန့်တွင် TNLA အကြမ်းဖက်သမားများက နမ့်ခမ်းမြို့အတွင်းသို့ မြို့၏တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဒုံးသီးများသည် နမ့်ခမ်းမြို့ သာယာကုန်းရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အသက် ၁၂ နှစ်နှင့် ၉ နှစ်အရွယ် အပြစ်မဲ့ကလေးငယ် နှစ်ဦး သေဆုံးခဲ့ကာ အသက် လေးနှစ်အရွယ် ကလေးငယ် တစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသည့် ကလေးငယ်အား နမ့်ခန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အစိမ်းရောင်လွင်ပြင် ဗန်းမော်ရင်ခွင်(၁)

ဝထကလသ (နုတလ)

ကမ္ဘာမြေတွင် ကြမ်းတမ်းသောမုန်တိုင်းများ တိုက်ခတ်လေ့ရှိသည်။ ထို့အတူ ရောင်စုံပန်းများလည်း ကမ္ဘာမြေပြင်အနှံ့ ပွင့်ဖူးနေကြသည်။ မုန်တိုင်းများသည် အရာရာကို ရက်စက်စွာဖျက်ဆီးတတ်၏။ ပန်းပွင့်များကား လောကကြီးကို သာယာလှပစေ၏။ ပျံ့မွှေးထုံသင်းသောရနံ့များကို ပေး၏။ ကြည်နူးမှု၊ ပျော်ရွှင်မှု၊ အေးချမ်းမှုရသများကိုလည်း ပေးစွမ်းပါသည်။

ဗန်းမော်မြို့ ရွှေကျီးနားနှင့် အိုက်ခေါတော်ဘုရား။

အစိမ်းရောင်လွင်ပြင်

စာရေးသူသည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ၂၀၀၈ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထို့ကြောင့် နေပြည်တော်-မန္တလေးမှ ဗန်းမော်သို့လည်းကောင်း၊ ဗန်းမော်မှ မန္တလေးသို့လည်းကောင်း ကားလမ်း၊ ရေလမ်းဖြင့် အကြိမ်ကြိမ် ခရီးသွားရ၏။ ဒေသဖွံ့ဖြိုးရေး တာဝန်များဖြင့်လည်း ဗန်းမော်ဒေသနှင့် ပတ်ဝန်းကျင်မြို့ရွာများသို့ ဆိုင်ကယ်၊ လိုင်းကား၊ စက်လေ၊ သင်္ဘောများဖြင့် နေရာအနှံ့နီးပါး ရောက်ခဲ့ပါသည်။

ဗန်းမော်ဒေသသည် မြင့်မားသောတောင်တန်းများ၊ ကွေ့ကောက်ရှည်လျားသော မြစ်ချောင်းများ၊ ထူထပ်သော သစ်တောများနှင့် ကျယ်ပြန့်စိမ်းလန်းသောလွင်ပြင်များကို ပိုင်ဆိုင်ထားသည်။

ဗန်းမော်မြို့သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ကချင်ပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်ပြီး ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြသည်။ "အိုက်ခေါတော်"ဟု အမည်ရသော ရှမ်းမင်းသား နန်းစိုက်ရာဒေသလည်း ဖြစ်ခဲ့သည်။ ရှေးဘိုးဘေးစစ်သည်တော်တို့က အမြေအားတိုင်းတစ်ပါးကျူးကျော်မှုရန်မှ ဟန့်တားကာကွယ်သည့် စစ်ပွဲများနှင့် တပ်မတော်က ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းခဲ့သော စစ်ဆင်ရေးအောင်ပွဲများဖြစ်တည်ခဲ့ရာ သမိုင်းဝင်နယ်မြေလည်းဖြစ်သည်။

ဆောင်းရာသီတွင် မြူနှင်းများကျဆင်းတတ်၏။ စာရေးသူ ခေတ္တရောက်ခဲ့ဖူးသည့် ဂျပန်၊ ကိုရီးယားတို့လိုတော့ ဆီးနှင်းများ မကျပေ။ တစ်ခါတစ်ရံ မီးခိုးငွေ့၊ မြူနှင်းတို့ဖြင့် မှုန်ဝေပိန်းပိတ်နေသော နံနက်ခင်းများကို ကြုံခဲ့ရသည်။ မွန်းမတ်မီးခိ ကျဲကျဲတောက်ပူသောဒဏ်ကိုလည်း ခံစားခဲ့ရ၏။ သဲသဲမဲမဲရွာသော မိုးနေ့များကိုလည်း ရောင်လွှဲ၍ မရနိုင်ခဲ့။ သို့သော် နေရထိုင်ရသည်မှာ ပြင်ဦးလွင်ကဲ့သို့ပင် ဖြစ်ချေသည်။

မော၊ မလိခ မြစ်ဆုံပြီးလျှင် ဒုတိယမြစ်ဆုံမှာ ဧရာဝတီမြစ်နှင့် တာပိန်မြစ်တို့ဆုံရာ ဗန်းမော်ဒေသ ဖြစ်သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် လမျှားတွင် မြစ်ရေတက်ကာ နှစ်စဉ် မြစ်ရေကြီးမှု ဖြစ်တတ်သည်။ သို့သော် ရေကျသွားချိန်တွင် နန်းမြေများ တင်ကျန်မှုကြောင့် မြေဆီမြေဩဇာအလွန်ကောင်းမွန်သော စိုက်ပျိုးမြေအများအပြား ပေါ်ထွန်းလေ့ရှိရာ ထိုအရပ်ဒေသများအတွက် များစွာ တန်ဖိုးရှိလှပေသည်။ ဆောင်ဦး၊ ဆောင်းလယ်၊ ဆောင်းနှောင်းနှင့် နွေရာသီတို့တွင် အဖြူ၊ အနီ၊ အဝါ၊ အစိမ်း၊ ခရမ်း ရောပြွမ်းနေသော ရောင်စုံစိုက်ခင်းများဖြင့် မျက်စိတစ်ဆုံး ကျယ်ပြန့်လှသော "အစိမ်းရောင်လွင်ပြင်ဒေသ"ဟု ဆိုရပေမည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

စာရေးသူသည် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဒေသတစ်ခုနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလတို့ကို စီးမျောခံစားရင်း ဤဆောင်းပါးကို ရေးဖြစ်ပါသည်။ အတိတ်ကာလ ဖြတ်သန်းမှုများသည် ပစ္စုပ္ပန်ကာလများအတွက် ကောင်းမှု၊ ဆိုးမှုကို အတုယူနိုင်ပါသည်။ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းများက ဆောင်ရန်ရှောင်ရန် အမွေကောင်းလည်းဖြစ်သည်။ ထို့အတူ အနာဂတ်ကာလမှာ ချိမ့်ဖြိန်မွေးကြိုင်စွာ သီးပွင့်လာမည့် အသီးအပွင့်များအတွက် ရေသောက်မြစ်များ ဖြစ်သည်ဟုလည်း ယုံကြည်မိပါသည်။

၁၉၈၉ ခုနှစ်တွင် လက်နက်ကိုင်အဖွဲ့အစည်းအချို့ တရားဥပဒေဘောင်အတွင်း စတင်ဝင်ရောက်လာချိန်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ရောဝတီမြစ်၊ တာပိန်မြစ်နှင့် ဗန်းမော်မြို့ရွာခင်းအလှ။

စတင်အကောင်အထည်ဖော်ပေးခဲ့ပါသည်။ စစ်ဆင်ရေးများကို တစ်ဖက်သတ် ရပ်ဆိုင်းပေးခဲ့သည်။ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့သည်။

၁၅-၁၂-၁၉၈၉ တွင် ဦးစုခုနှစ်တိန့်ယိန်း ဦးဆောင်သည့် NDA တပ်ဖွဲ့ဝင် အင်အား ၁၂၈၆ ဦးသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်လျက် တရားဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ ဝင်ရောက်လာသည်။ ၎င်းအဖွဲ့၏ ချီဖွေ၊ ဆော့လော်၊ ဝိုင်းမော် (မြို့နယ်မြောက်ခြမ်း) ဒေသများအား ကချင်အထူးဒေသ(၁)အဖြစ် နယ်မြေသတ်မှတ်ပေးခဲ့ပါသည်။ ဦးဘရန်ဆိုင်း၊ ဦးဇော်ဆိုင်း ဦးဆောင်သည့် KIO တပ်ဖွဲ့ဝင်အင်အား ၆၀၅၀ သည်လည်း ၂၄-၂-၁၉၉၄ တွင် ငြိမ်းချမ်းရေးရယူခဲ့သဖြင့် တနင်း၊ ကာမိုင်း၊ မိုးကောင်း၊ မိုးညှင်း၊ အင်ဂျန်းယန်၊ မိုးမောက်၊ မံစီ၊ ဗန်းမော်၊ ဝိုင်းမော် (မြို့နယ်တောင်ခြမ်း) ဒေသများကို ကချင်အထူးဒေသ(၂) နယ်မြေအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ယင်း အထူးဒေသများ အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများရေးဆွဲ၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သည့် ကာလများမှာ ၂၀၀၈ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် ဇူလိုင်လ အထိဖြစ်ပါသည်။ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်သည့် အေးချမ်းသောကာလ ဖြစ်ပေသည်။ ထိုအချိန်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွဲ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်လှည့် ဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံးများ၊ မြို့နယ်ခွဲရုံးများအထိ ဖွင့်လှစ်ဆောင်ရွက်နေသောကာလ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြို့နယ်ခွဲရုံးပေါင်း ၇၄ ရုံး အထိ ရှိခဲ့ပါသည်။

၁၉၉၃-၁၉၉၄ မှ ၂၀၁၄-၂၀၁၅ အထိ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ဗန်းမော်)အဖြစ် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှစတင်၍ ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအဖြစ် ဖွဲ့စည်းပုံ ပြောင်းလဲခဲ့ပါသည်။ ထို့ကြောင့် ဗန်းမော်သို့ စာရေးသူ ရောက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(ဗန်းမော်)အမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးနှင့် လူစွမ်းအားအရင်းအမြစ်

လွယ်ဂျယ်၊ ဒေါ့ဗုန်းယန်၊ မြို့လှ မြို့နယ်ခွဲများတွင် လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ တစ်ခါတစ်ရံ မံစီ၊ ကိုက်ထိပ်တို့ကို ဖြတ်သန်းလျက် တရုတ်-မြန်မာနယ်စပ် မန့်ဝိန်းကြီးဒေသအထိပင် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ရဖူးသည်။ ယခုအချိန်တွင် ဗန်းမော်ခရိုင်အတွင်း မိုးမောက်မြို့နယ်ရုံးနှင့် မံစီမြို့နယ်ရုံးများ ဖွင့်လှစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်နေပေပြီ။

နယ်စပ်ရေးရာခန်ကြီးဌာနက ဗန်းမော်မြို့နယ်အတွင်း ၁၉၉၀-၁၉၉၁ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ဒေသတွင်း အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းတံတား၊ ပညာရေးနှင့် စွမ်းအင်ကဏ္ဍများ အတွက် ရန်ပုံငွေကျပ် ၂၁၅၅ ဒသမ ၂၃ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စီမံကိန်းစတင်ခဲ့သည့် ဗန်းမော်ဒေသ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ နမ့်ခုတ်-ဗူးတောင်း-ကျောက်အိုက်-နောင်မိုရ် ကျေးရွာချင်းဆက်မြေသားလမ်း ၁၇ မိုင်နှင့် လမ်းပေါ်ရှိ တံတားများ၊ ရေထုတ်ပြွန်များ အပါအဝင် ယင်းစီမံကိန်းသည် ၂၀၁၉-၂၀၂၀ တွင် အောင်မြင်စွာပြီးစီးခဲ့သည်။ နမ့်ခုတ်၊ ဗူးတောင်း၊ ကျောက်အိုက်၊ နောင်မိုရ်၊ အောင်သာယာ၊ မံမလင်း အပါအဝင် ဒေသခံကျေးရွာ ၁၈ ရွာအတွက် အထူး မှီခိုအားထားရသော လမ်းမကြီးပင်တည်း။

ဗန်းမော်မြို့နယ်နှင့်ကပ်လျက်၌ ရွှေကူမြို့နယ် တည်ရှိနေသည်။ ဗန်းမော်- စင်းခန်း- ရွှေကူ မြို့နယ် ချင်းဆက်မြေသားလမ်း ၆၄ မိုင် ၂ ဖာလုံကို ၁၉၉၆-၁၉၉၇ ခုနှစ်တွင် ဆက်သွယ်ဖောက်လုပ်ပေးခဲ့သည်။ ထို့အပြင် ရွှေကူဒေသခံပြည်သူများ အမှန်တကယ် လိုအပ်သည့် လမ်းတံတား၊ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေရရှိရေး၊ သာသနာရေးနှင့် အထွေထွေ လုပ်ငန်းများအတွက် ငွေကျပ် ၅၉၆ ဒသမ ၈၅၂ သန်းဖြင့် ဖွံ့ဖြိုးရေးများ ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၇ သို့

စိန်လုံကျေးရွာ။

မော၊ မလိခ မြစ်ဆုံပြီးလျှင် ဒုတိယမြစ်ဆုံမှာ ရောဝတီမြစ်နှင့် တာပိန်မြစ်တို့ဆုံရာ ဗန်းမော်ဒေသ ဖြစ်သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် လမျှားတွင် မြစ်ရေတက်ကာ နှစ်စဉ် မြစ်ရေကြီးမှု ဖြစ်တတ်သည်။ ဆောင်ဦး၊ ဆောင်းလယ်၊ ဆောင်းနှောင်းနှင့် နွေရာသီတို့တွင် အဖြူ။ အနီ၊ အဝါ၊ အစိမ်း၊ ခရမ်း ရောပြွမ်းနေသော ရောင်စုံစိုက်ခင်းများဖြင့် မျက်စိတစ်ဆုံး ကျယ်ပြန့်လှသော "အစိမ်းရောင်လွင်ပြင်ဒေသ"ဟု ဆိုရပေမည်

မုဒုံကန်ကြီးစေတီတော် (၁၄၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် လှေလှော်ပြိုင်ပွဲကျင်းပ

မုဒုံ အောက်တိုဘာ ၃၀

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၄၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာလှေလှော်သဘင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပရာ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၂၉ ရက်က ကျင်းပပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက မြန်မာ့ရိုးရာ လှေလှော်သဘင်ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရိုးရာ အားကစားနည်းတစ်ခုဖြစ်သည့်လှေလှော်အားကစား နည်းကို မတိမ်ကော မပယောက်သွားစေရန် ဆက်လက်ထိန်းသိမ်း၍ တန်ဖိုးထားမြတ်နိုးတတ်ကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြသည့် လူငယ်လူရွယ်များအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်များမှ လှေလှော်အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်လှော်ခတ်ကြပြီး ဗိုလ်လုပွဲစဉ်တွင် ကောင်းထက်လှေလှော်အသင်းနှင့် မျိုးဆက်သစ်လှေလှော်အသင်းတို့ ယှဉ်ပြိုင်ကြရာ မျိုးဆက်သစ်လှေလှော်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ကန်ကြီးစေတီတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကေတုဝါရ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမဆု (တံခွန်စိုက်ဒိုင်း၊ တစ်ဦးချင်းနှင့် အသင်းလိုက်ငွေသားဆု ကျပ်ရှစ်သိန်း)၊ ဒုတိယဆု (တစ်ဦးချင်းနှင့် အသင်းလိုက်ငွေသားဆု ကျပ်ခြောက်သိန်း)၊ တတိယဆု (တစ်ဦးချင်းနှင့် ငွေသားဆု ကျပ်လေးသိန်း)၊ စတုတ္ထဆု (အသင်းလိုက်ငွေသားဆု ကျပ်သုံးသိန်း)နှင့် နှစ်သိမ့်ဆုများ ရရှိသည့် အသင်း ခုနစ်သင်းအား တစ်သင်းလျှင် ကျပ်ငါးသောင်းစီ ဂုဏ်ပြုဆုများနှင့် အလုပ်ပြရေကူးအဖွဲ့အား ဆုများချီးမြှင့်ပေးခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

ကျောက်မဲမြို့နယ်၌ ကျေးရွာကွန်ကရစ်လမ်း လုပ်ငန်းဆောင်ရွက်

ကျောက်မဲ အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျောက်မဲကြီး ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက အောက်တိုဘာ ၂၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင်ယခုလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငြိမ်းသူ

စာမျက်နှာ ၁၆ မှ

ဒေသဖွံ့ဖြိုးရေးများနည်းတူ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက်လည်း ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ၁- ၈- ၁၉၉၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော လူငယ်သင်တန်းကျောင်းနှင့် ၁၁-၁-၂၀၀၅ ရက်တွင် ဖွင့်ခဲ့သော အိမ်တွင်းမှု သင်တန်းကျောင်းများလည်း ဗန်းမော်တွင် တည်ရှိနေပါသည်။

ဗန်းမော်

စိတ်ဝင်စားစရာ သမိုင်းမှတ်တမ်း၊ ရာဇဝင်များဖြင့်ပြည့်နေသော ဗန်းမော်သည် သမိုင်းကြောင်းရှည်လျားစွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော မြို့တစ်မြို့ဖြစ်၏။ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းများဖြင့် သွားရောက်နိုင်ပြီး သင်္ဘောဖြင့် အောက်မြန်မာပြည်အရပ်ရပ်သို့ ကုန်စည်စီးဆင်းရာ အချက်အချာမြို့လည်းဖြစ်သည်။

မြစ်ကြီးနားမြို့၏တောင်ဘက် ၁၁၅ မိုင်ခန့် အကွာတွင် တည်ရှိပြီး တရုတ်နိုင်ငံ နယ်စပ်နှင့် မိုင် ၄၀ ခန့်သာ ကွာဝေးတ်၏။ ဧရာဝတီမြစ်၏ ပထမမြစ်ကျင်းနှင့် ဒုတိယမြစ်ကျင်းအကြားတွင် တည်ရှိနေသော မြို့လည်းဖြစ်သည်။

ဗန်းမော်ဟူသော ဝေါဟာရသည် ရှမ်းဘာသာစကား "မန်မော်"မှ ကာလရွှေ့လျောကာ ပြောင်းလဲလာကြောင်း သိရသည်။ မန် = ရွာ၊ မော် = အိုး ဟု အဓိပ္ပာယ်ရသဖြင့် "အိုးလုပ်သောရွာ"ဟု ခေါ်ဆိုနိုင်သည်။ ထို့ကြောင့် ဗန်းမော်တွင် အိုးလုပ်ငန်းအတွက် မြေတူးခဲ့၍ ကျင်းတွေ၊ ချိုင့်တွေ ပေါများနေခြင်းဖြစ်လိမ့်မည်ဟု တွေးမိသေးသည်။ ဗန်းမော်မြို့ဟု ဖြစ်ပေါ်လာမည့် "စမ္မာနဂိုရ်မြို့"ကို ရှေးဦး တည်ထောင်သူမှာ "စမ္မေယျမင်း" ဖြစ်သည်။ ထိုစမ္မာနဂိုရ်မင်းဆက် ပျက်ပြီးနောက် စော်ဘွား "သိုလျင်ဘွား" သည် သက္ကရာဇ် ၄၀၀ ကျော်တွင် ဗန်းမော်မြို့ပြကို တည်ထောင်သည်။ ထိုမှအစပြု၍ ဗန်းမော်မြို့တွင် စော်ဘွား ၂၃ ဆက်သည် နှစ်ပေါင်း ၃၅၀ ခန့်အုပ်စိုးခဲ့ကြောင်း လေ့လာမှတ်သားရပြန်သည်။

ဗန်းမော်မြို့ကို စတင်စေခဲ့သော စမ္မာနဂိုရ်မင်းဆက် အထောက်အထားအဖြစ် စမ္မာ နှင့် နဂိုရ် အရပ်တို့ ယခုအချိန်ထိတိုင် ရှိနေသည်။ သို့သော် ယခင်အမည်များ မဟုတ်တော့။ "စမ္မာ" အမည်မှ "စံပါ"၊ "နဂိုရ်" အမည်မှ "နောင်ခိုဂ်" စသော အမည်နာမများဖြင့် ရပ်ကွက်အဖြစ် ပြောင်းလဲခဲ့ပေပြီ။

နမ့်ခုတ်-ဗူးတောင်း-ကျောက်အိုက်- နောင်ခိုဂ် ကျေးရွာချင်းဆက်မြေလမ်းနှင့် ယင်းလမ်းပေါ်ရှိ ဆင်စွယ်ချောင်းကူး ပေ ၄၀ ကွန်ကရစ်တံတား။

နောင်ခိုရပ်ကွက်သည် ရွှေကျီးနားဘုရား၊ အိုက်ခေါ်တော်ဘုရားသို့သွားသည့် လမ်းပေါ်တွင် တည်ရှိပြီး ၎င်းအရပ်မှ "မျှစ်ချဉ်ခေါက်ဆွဲ"သည် ဒေသ အစားအစာအဖြစ် ကျော်ကြားလှပေသည်။

"ညောင်ဦးကမ်းပါးပြိုသောကြောင့် စမ္မာနဂိုရ်မှ နွားမ ပေါင်ကျိုးရသည်" ဟူသည် မဆီမဆိုင်သော ဖြစ်ရပ်တို့ကို ခိုင်းနှိုင်းကြသော မြန်မာစကားပုံဖြစ်သည်။ ပုဂံညောင်ဦးနှင့် ဗန်းမော်သည် ဧရာဝတီမြစ်ဘေးမှ မြို့များဖြစ်သော်လည်း အဝေးကြီးဖြစ်၏။ ထို့ကြောင့် စကားပုံပါ "စမ္မာနဂိုရ်" အရပ်သည် ဤဗန်းမော်အရပ်ပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

လွယ်ကျယ်-မိုးမောက်လမ်း

၂၀၀၉ ခုနှစ် သြဂုတ်လတွင် စာရေးသူသည် လွယ်ကျယ်မြို့နယ်ရုံးသို့ မြို့နယ်ခွဲတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဗန်းမော်နှင့် လွယ်ကျယ် ၅၆ မိုင် ၄ ဖာလုံ ဝေးသည်။ ဗန်းမော်နှင့် မိုးမောက် ကိုးမိုင် ကွာဝေးပါသည်။ မိုးမောက်တွင် လမ်းခွဲရှိသည်။ မြောက်ဘက်သို့သွားလျှင် ဒေါ့ဖုန်းယန်၊ အရှေ့ဘက်သို့သွားလျှင် လွယ်ကျယ်။

နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါလှသည့် လွယ်ကျယ်-မိုးမောက်လမ်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျောက်လမ်းခင်းခြင်း ပြီးစီးပါသည်။ ဒေသခံများက ပြောင်းဖူးစေ့လမ်းဟု ခေါ်ဝေါ်ကြ၏။ ကျောက်များကို ဖြတ်တောက်ပြီး အကြားအလပ်မရှိ ညီညာစွာခင်းထားသည်။ ကတ္တရာမပါသော်လည်း လမ်းသားသည် လှပ်ရှားမှုမရှိ၊ ကောင်းမွန်လှပါသည်။

ဤလမ်းပိုင်းတွင် ၁၉၉၇-၁၉၉၈ ခုနှစ်က နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျောက်စခန်း-လေဘုဒန်-လွယ်ကျယ်လမ်း(ရှစ်မိုင်)ကို ပြုပြင်ပေးခဲ့ပါသည်။ ထို့အပြင် မိုးမောက်မြို့အနီး ဤလမ်းပိုင်းပေါ်ရှိ ကျလိချောင်းကို ဖြတ်ကူးရသော "နမ့်ကျရီ" ကွန်ကရစ်တံတားကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးခဲ့ပါသည်။ ဒေသခံများ ပျော်ရွှင်မှုကား အတိုင်းထက်အလွန်ဖြစ်ခဲ့မည်မှာ ဧကန်ပင်။

စိန်လုံကဘာ

မိုးမောက်မှ ကျောက်စခန်းကျော်သည်နှင့် တောင်တက်လမ်း စပါသည်။ တောင်တက်လမ်း အတိုင်း ၂၃ မိုင်ခန့်အကွာတွင် စိန်လုံကဘာရွာလေး တည်ရှိသည်။ စိန်လုံသည် အမြင့်ပေ ၆၀၅၀ တောင်ထိပ်တွင် တည်ရှိသော ရွာလေးဖြစ်၏။ စိန်လုံဒေသကိုရောက်သည်နှင့် ရာသီဥတုက အပူမှ အအေးသို့ ရုတ်ခြည်းပြောင်းလဲသွားသည်။ မှိုင်းဝေအုံ့ဆိုင်းနေသော နှင်းပင်လယ်တို့ တအိအိပြိုကျ ဖုံးအုပ်ထားသော တောင်ထိပ်သည် အေးမြမြ ရှိချေ၏။

ယခင်က ဗန်းမော်မြို့နယ်ဝင်ဖြစ်ပြီး ၁၉၀၃ ခုနှစ်တွင် မြို့အဖြစ်သတ်မှတ်ခဲ့သော စိန်လုံသည် ကချင်တောင်တန်းများရှိ စော်ဘွားများအား ကြီးကြပ်အုပ်ချုပ်ရသော တောင်တန်းဝန်ထောက်ရုံးစိုက်ရာအရပ် ဖြစ်ခဲ့သည်။ စိန်လုံကဘာ၏ တောင်စွယ်တောင်တန်းများက နယ်စပ်မျဉ်းများကို စိုးမိုးနိုင်သော ပထဝီအနေအထားနှင့် မေမြို့ထက် ပိုအေးကာ နှင်းများလွှမ်းနေတတ်သော ရာသီဥတုကြောင့် အင်္ဂလိပ်အစိုးရအတွက် ဆွဲဆောင်မှုကောင်းသောနေရာလေး ဖြစ်ခဲ့ပေလိမ့်မည်။

ဤ စိန်လုံကဘာရွာလေးသည် စစ်တက္ကသိုလ် (ပြင်ဦးလွင်)၏ ပထမဆုံးကျောင်းအုပ်ကြီး ကချင်အမျိုးသား ဗိုလ်မှူးကြီးသီရိပျံချီ အယ်လ်ခွန်နော၏ မွေးဖွားရာ ဇာတိရပ်မြေလည်းဖြစ်သည်။

နိုင်ငံတော်သည် စိန်လုံကျေးရွာလေးအတွက် ၂၀၁၃-၂၀၁၄ တွင် ရုပ်သံလွှင့်စက်ရုံ တည်ဆောက်ပေးခဲ့သည်။ ရုပ်မြင်သံကြားမှတစ်ဆင့် တစ်နိုင်ငံလုံးကို စိန်လုံဒေသခံများ တွေ့မြင်နိုင်ခဲ့ပေပြီ။ စိန်လုံတောင်ပေါ်တွင် ထူးခြားသော ရေထွက်တစ်ခုရှိသည်။ ထိုသောက်သုံးရေသည် PH Level Standard အပြည့်ရှိသည်ဟု ဆိုပါသည်။ စိန်လုံကျေးရွာ ရေအလွယ်တကူ သုံးစွဲနိုင်ရေးအတွက် သဘာဝအရင်းအမြစ်မှ ကျေးရွာစိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၁၇- ၂၀၁၈ တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၁၅ ဒသမ ၅၈၅ သန်းဖြင့် အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။ စိန်လုံဒေသခံတို့ ရေကြည်ရေသန့်ကို လုံလောက်စွာ ရရှိခဲ့လေပြီ။

စိန်လုံမှ ဆက်ထွက်လျှင် "ယောယုံ"ကို ရောက်မည်။ ယောယုံသည် တရုတ်နယ်စပ်အနီး လွယ်ကျယ်ဒေသကို စိုးမိုးနေသော တောင်ကြောကြီးအစွန်ရှိ တောင်၏ အမည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိဇယာရာမ (အရှေ့တိုက်) ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု) ဘဝနတ်ထံပျံ့လွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၃၀
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၁)ရပ်ကွက် မဟာဝိဇယာရာမ (အရှေ့တိုက်) ဦးစီး ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တနေမိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)၊ သက်တော် (၁၀၂)နှစ်၊ သီတင်းကျွတ် (၈၂)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် သီတင်းကျွတ် လပြည့်နေ့၊ ၂၉-၁၀-၂၀၂၃ ရက် (တနင်္ဂနွေနေ့)၊ ၀၀:၅၅ နာရီအချိန်တွင် ဘဝနတ်ထံပျံ့လွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၃၀
အာရှနှင့် ပစိဖိတ်ဒေသအတွင်း နေထိုင်ကြသည့် လူပုဂ္ဂိုလ်များအကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်စေရေးနှင့် ယဉ်ကျေးမှုများ အပြန်အလှန် နားလည်စေရေး ရည်ရွယ်ချက်ဖြင့် အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန ယူနက်စကို (ACCU) တိုက္ကျိ၊ ဂျပန်နိုင်ငံက ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ယူနက်စကိုတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကလေးလူငယ် စာစဉ်များကို ထုတ်ဝေခဲ့ပါသည်။ အဆိုပါစာစဉ်များအနက် အာရှနိုင်ငံ ၁၅ နိုင်ငံမှ ကျေးလက်နေ မိသားစုများ၏ လူနေမှုဘဝကို ထင်ဟပ်ရေးသားထားသည့် ကလေးရပ်ပြစာအုပ် "My Village, My Family, My Asia" ကို စာပေဗိမာန် ဘာသာပြန်ဌာန စာတည်းများက မြန်မာဘာသာသို့ ဘာသာပြန်ဆို၍ "တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။

"တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" စာအုပ်သည် အာရှဒေသ နိုင်ငံ ၁၅ နိုင်ငံမှ ကျေးလက်ဒေသတွင် နေထိုင်ကြသော လူငယ် စာဖတ်ပရိသတ်များ၏ ကျေးလက်ဓလေ့၊ ကျေးလက်ဘဝ အကြောင်းကို မိသားစုများ၏ လုပ်ငန်းခွင်ဝင်ကြပုံ၊ ကလေးများ ကျောင်းသွားကြပုံ၊ အတူတကွ နေထိုင်စားသောက်ကြပုံ စသည့် လူနေမှုပုံစံများဖြင့် စိတ်ဝင်စားဖွယ် တင်ပြထားသည်။ လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသည့် မိသားစုများ၏ ချစ်ခြင်းမေတ္တာနှင့် ယုံကြည်မှုများကို အချင်းချင်း မျှဝေပြီး အတူတကွ ပျော်ရွှင်စွာနေထိုင်ကြပုံကို သရုပ်ဖော်ထားသည့် ကလေးရပ်ပြစာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို ကျောင်းစာကြည့်တိုက် သို့မဟုတ် အိမ်များတွင် ထားရှိ၍ ဆရာ ဆရာမများ၊ လူကြီးမိဘများက အာရှဒေသလူနေမှုပုံစံများကို ကလေးလူငယ်များ နားလည်စေရေးအတွက် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

"တို့ရွာ၊ တို့မိသားစု၊ တို့အာရှဒေသ" စာအုပ်ကို ကြေစက္ကူ ရောင်စုံပုံများနှင့် ပုံနိုပ်ထားပြီး တန်ဖိုး ကျပ် ၃၀၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၀၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၁ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရှားပါးမျိုးစိတ် စာရင်းဝင် မြန်မာ့ကြယ်လိပ်အကောင်ရေ ၁၀၀၀ ကို မူရင်းဒေသ သဘာဝတောအတွင်းသို့ ပြန်လွှတ်ပေးမည်

မင်းဘူး အောက်တိုဘာ ၃၀
မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ရှိ ရှားပါးမျိုးစိတ် စာရင်းဝင် ဒေသရင်းမျိုးစိတ် Endemic Species မြန်မာ့ကြယ်လိပ်များမှ ယခင်နှစ်က သတ်မှတ်ထားသည့် ကြယ်လိပ်အကောင်ရေ ၁၀၀၀ ကို မူရင်းဒေသ သဘာဝတောအတွင်းသို့ ပြန်လွှတ်ပေးသွားမည်ဖြစ်ကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။

ရွှေစက်တော်ဘေးမဲ့တောရှိ ကြယ်လိပ်များသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင်သာ တွေ့ရသော ဒေသရင်းဖွားမျိုးစိတ်ဖြစ်သည်။ မြန်မာ့ကြယ်လိပ် (၁) ပင့်ကူလိပ် (Burmese Star Tortoise) များကို ဒေသသုံးအမည်များအဖြစ် မြလိပ်၊ ဆီချိုလိပ်၊ တောင်ပုံလိပ်နှင့် နတ်လိပ်ဟူ၍လည်း ခေါ်ဆိုကြပြီး ၂၀၀၄ ခုနှစ်မှစတင်ကာ မန္တလေးရတနာပုံဥယျာဉ်၊ လောကနန္ဒာ ဘေးမဲ့တော၊ မင်းစုံတောင် ဘေးမဲ့တော၊ ရွှေစက်တော် ဘေးမဲ့တောတို့တွင် ခြံခတ်မွေးမြူခြင်းကို သစ်တောဦးစီးဌာန၊ သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုး ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကာ မွေးမြူခဲ့ကြပြီး အရွယ်ရောက်လာသော ကြယ်လိပ်များကို သဘာဝတောအတွင်းသို့ ပြန်လွှတ်ပေးခဲ့ကြောင်းလည်း သိရသည်။

ထိုကဲ့သို့ မူရင်းဒေသ သဘာဝတောအတွင်းသို့ ၂၀၀၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လိပ်အကောင်ရေ ၁၇၅၀ လွှတ်ပေးခဲ့ကာ ၂၀၂၂ မှ ၂၀၂၃ ခုနှစ်များအတွက် ကြယ်လိပ်အကောင်ရေ ၁၀၀၀ လွှတ်ပေးမည်ဖြစ်ပြီး ဥမှ ပေါက်ခါစ ကြယ်လိပ်များနှင့် အရွယ်မရောက်သေးသော ကြယ်လိပ်များကို လွှတ်ပေးခြင်းမျိုး မဟုတ်ဘဲ အရွယ်ရောက်ပြီး သုံးနှစ်မှ ငါးနှစ်အရွယ် ကြယ်လိပ်များကိုသာ မူရင်းဒေသဖြစ်သော သဘာဝတောအတွင်း ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ကြယ်လိပ်များကို ကျေးလက်တောရွာများတွင် နေထိုင်ကြသူများက စားသုံးရန် အမဲလိုက်ခွေးများ အသုံးပြု၍ ရှာဖွေဖမ်းဆီး သတ်ဖြတ်ခြင်း၊ တောခွေးများက ဖမ်းဆီးကိုက်ဖြတ်စားသောက်ခြင်း၊ ကြယ်လိပ်များကို အိမ်အလှမွေး တိရစ္ဆာန်အဖြစ် တွင်ကျယ်စွာမွေးမြူလာကြပြီး တရားမဝင် ရောင်းဝယ်မှုများရှိခြင်း၊ လိပ်များကျက်စားသည့်နယ်မြေရှိ သစ်တော၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေ ပြုလုပ်လာခြင်းတို့ကြောင့် သားရဲတိရစ္ဆာန်များ၏ အန္တရာယ်မှကာကွယ်ရန် ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်မှ ဝန်ထမ်းများက ကြယ်လိပ်အကောင်ရေ ၂၀၀၀ ကျော်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိဇယာရာမ (အရှေ့တိုက်) ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း
ဆရာတော်လောင်းလျှာသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လယ်မကြီးအုပ်စု ဆင်လမ်းကျေးရွာ ခမည်းတော် ဦးသန့်+မယ်တော် ဒေါ်ငွေမိတို့မှ ၁၂၈၄ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း ဆရာတော် လောင်းလျှာသည် ၁၂၉၇ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ပခုက္ကူမြို့နယ် လယ်မကြီးအုပ်စု ဆင်လမ်းကျေးရွာ ဆင်လမ်းကျောင်း ဆရာတော် ဘဒ္ဒန္တကေသရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၄ ခုနှစ် ဝါဆိုလဆန်း ၇ ရက်တွင် ပခုက္ကူမြို့နယ် လယ်ယာတောင်ပေါ်ကျောင်းခဏ္ဍာသိမ်၌ ယင်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် လယ်ယာကျေးရွာနေ ဦးဘလတ်+ဒေါ်စိန်မိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း ဆရာတော်လောင်းလျှာသည်ပခုက္ကူမြို့နယ် ဆင်လမ်းကျေးရွာ ဆင်လမ်းကျောင်းဆရာတော် ဘဒ္ဒန္တကေသရ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့တိုက်)ပထမ ဆရာတော်၊ ဒုတိယဆရာတော် ဘဒ္ဒန္တဇောတိက၊ တတိယ ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒ၊ မန္တလေးမြို့ ချမ်းသာကြီးကျောင်းတိုက် ဆရာတော်၊ စကုတိုက်ဆရာတော်၊ တောင်သမန်တိုက်ဆရာတော်၊ မိုးကောင်းတိုက်ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူ ဆည်းပူးခဲ့ပြီး **"သာသနဇေသီရီပဝရမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

သာသနာရေး အားပေး ဆောင်ရွက်တော်မူခြင်း ဆရာတော်သည် မဟာဝိဇယာရာမ (အရှေ့တိုက်)တွင် စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်းနှင့် စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး မူလသံဃာ့ဝန်ဆောင် ၆၆ ပါးတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပထမအကြိမ်မှစ၍ (၃)ကြိမ်တိုင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သီးခြားဝိနည်းဓိရိုရ်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့ဘာဝဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံ ရရှိတော်မူခြင်း ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟာဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဝိဋကတ္တယဆေဏဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လန္ဒီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၀ ပြည့်နှစ်တွင် **"အဘိဓေမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံ ပျံ့လွန်တော်မူခြင်း ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၂) နှစ်၊ သီကျွာတော်(၈၂) ဝါအရ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၊ ၂၉-၁၀-၂၀၂၃ (တနင်္ဂနွေနေ့)၊ ၀၀:၅၅ နာရီအချိန်တွင် ဘဝနတ်ထံ ပျံ့လွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလအား နန္ဒာအောင်မြေကျောင်း ရဟန်းသာမဏေ ကျောင်းသားကျောင်းသူ၊ တပည့်ဒါယကာ၊ ဒါယိကာမများက အောက်တိုဘာ ၂၉ ရက်က (၈) ကြိမ်မြောက် ဂုဏာပူဇော်အဖြစ် ပူဇော်ကန်တော့စဉ်။

အာကာသလင်း

ပေါင်းတည်ဌ် မြို့လုံးကျွတ် ဝါကျွတ်ဆွမ်းလောင်းလှူဒါန်း

ပေါင်းတည် အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်ဌ် ယနေ့နံနက် ၆ နာရီမှစတင်၍ သံဃာတော်များအား မြို့လုံးကျွတ် ဝါကျွတ် ဆွမ်းလောင်းလှူဒါန်းကြသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲတွင် မြို့ပေါ် ၁၂ ရပ်ကွက်ရှိ လမ်းအသီးသီးသို့ ကြွချီလာသော ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၁၄၄ ပါးအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ရပ်ကွက်နေပြည်သူများက နေအိမ်ရှေ့ဌ် လည်းကောင်း၊ ဌာနဆိုင်ရာများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးရှေ့ဌ် လည်းကောင်း စုပေါင်း၍ လောင်းလှူဆက်ကပ်ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ နှစ်စဉ် ဝါကျွတ်ဆွမ်းလောင်းပွဲတွင် မြို့ခံပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်လှူဒါန်းခဲ့ကြရာ ယခုနှစ်သည် (၁၃၉) ကြိမ်မြောက် လှူဒါန်းမှုဖြစ်ကြောင်း သိရသည်။

သူရကြီး (ပြန်/ဆက်)

ယနေ့စျေးကွက်ပေါက်စျေးများ

၃၀ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၁၀ ကျပ်	၂၃၅၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၂၀ ကျပ်	၂၄၇၀ ကျပ်
အောက်တိန်း ၉၂	၂၀၆၅ ကျပ်	၂၁၁၅ ကျပ်
အောက်တိန်း ၉၅	၂၁၆၀ ကျပ်	၂၂၁၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ကေတုမတီဘိုးဘွားရိပ်သာ၌ ဝါကျွတ်ကန်တော့ပွဲကျင်းပ

တောင်ငူ အောက်တိုဘာ ၃၀

တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ဝါကျွတ်ကန်တော့ပွဲကို ကေတုမတီ ဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ဝါကျွတ်ကန်တော့ပွဲ ကျင်းပရခြင်းနှင့် မှဒီတာစကားများကို ဘိုးဘွားရိပ်သာနာယက ဦးကျော်လှ(သမာဓိ)၊ ဒေါ်ကျင်မေ (ရွှေစင်မေ)၊ အတွင်းရေးမှူး ဦးယဉ်ဌေး (မိဘမေတ္တာဆန်ပွဲရှိ)နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းထက်တို့က ပြောကြားကြ၍ သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

(၀၄၈)

သစ်ပင်နည်းလာ တိုးကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ်းသိမ်မိုး
ဘာသာပြန်	-	မြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း		
အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အယ်တန်း	-	ဝေသူနယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
သတင်းထောက်များ		
ဓာတ်ပုံ	-	တင်စိုး
သတင်းထောက်		
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလွင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေ့ပြည်တော်–စာတည်းမှူး ၀۹۷–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀۹۷–၃၆၁၄၃၊ ဖက်စ် ၀۹۷–၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ– အမှတ်(၇၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၁၊ စီမံ ၀၁–၅၄၄၃၁၅၊ ဌေဒေရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၄၃၁၄၊ ၀၁– ၅၄၄၃၁၃။ Fax ၀၁–၅၆၀၄၅၄။

MYANMAR Digital News

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အမှင့်စျေး (ကျပ်)	အဝိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၈၈၀၀	၇၇	၆၇၇၆၀၀
MTSH	၂၉၅၀	၂၉၅၀	၁၀၁၉၄	၃၀၀၇၃၃၀
MCB	၇၇၀၀	၇၇၀၀	၂၆၇	၂၀၀၂၇၀၀
FPB	၁၆၅၀	၁၆၅၀	၁၈၄၀	၃၀၃၆၀၀၀
TMH	၂၇၀၀	၂၇၀၀	၂	၄၇၇၀၀၅၀
EFR	၂၁၅၀	၂၁၀၀	၂၂၆၈	၂၇၃၄၆
AHPC	၄၉၀၀	၄၉၀၀	၉၂	၄၅၀၆၀၀
MAEPC	၁၈၀၀	၁၇၅၀	၃၁	၁၅၇

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❂ *ကျောဖုံးမှ*

ဒဂုံစတားအသင်းမှာမူ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ကြာသပတေးနေ့တွင် AFC Cup အုပ်စုပွဲအဖြစ် အဝေးကွင်းကစားထားရသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းတွင် အမသခံကစားသမားအချို့ကို အနားပေးခဲ့သည်။ ဒဂုံစတားအသင်းမှာမူ သိန်းသန်းဝင်း၊ ဇေယျာနိုင်၊ ဝေလင်းအောင်၊ ဆွမ်လမန်၊ စစ်မုန်း၊ ငြိမ်းချမ်းတို့ဖြင့် လူစုံပါဝင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်အသားပေး ကစားခဲ့ပြီး မိနစ် ၄၀ တွင် ဝေလင်းအောင်သွင်းယူသည့်ဂိုးဖြင့် ဒဂုံစတားအသင်းက ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးရရန် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၆၂ မိနစ်တွင် လင်းထက်စိုးက ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုး ရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဆက်တိုက် ဖိကစားနိုင်ခဲ့ပြီး ၆၇ မိနစ်တွင် နန္ဒကျော်နှင့် ၉၀+၃ မိနစ်တွင် ရဲမင်းသူတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံး ကစားသမားဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ ရဲမင်းသူက ရရှိခဲ့သည်။

ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန် အသင်းက ၄၁ မှတ်၊ ဟံသာဝတီအသင်းက ၃၁ မှတ်၊ အား/ကာသီပွဲအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်း က ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရတနာပုံ၊ ဒဂုံစတားနှင့် မြတ်တီအသင်းတို့က ၁၉ မှတ်စီ၊ ဧရာဝတီအသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၁ မှတ်၊ ကချင်ယူနိုက်တက်အသင်း က ၁၀ မှတ် ရရှိထားသည်။

သတင်း – ရဲရင့်လွင်
ဓာတ်ပုံ – MNL

✳ *ကျောဖုံးမှ*

ဘုန်းမောက်နဲ့ လီဗာပူး

ခံစစ်ဆိုးရွားတဲ့အသင်းထဲမှာ ပါဝင်နေတဲ့ ဘုန်းမောက်အသင်းအနေနဲ့ ခြေစွမ်းထက်နေတဲ့ လီဗာပူးကို အသာရဖို့မလွယ်ဘူး။ သို့သော်လည်း ဘုန်းမောက်အသင်းအနေနဲ့ ရရှိလာမယ့် အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ရင် လူစုံပါဝင်လာဖွယ်မရှိတဲ့ လီဗာပူးအသင်းကို အနိုင်ရဖွယ်ရှိတယ်။ ဒီပွဲစဉ်ကို နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာပါ။

ချယ်ဆီးနဲ့ ဘလက်ဘန်း

ချယ်ဆီးက ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူပြီး နောက်တစ်ဆင့်တက်ရေး အားစိုက်ကစားလာမှာပါ။ ချန်ပီယံရှစ်ကလပ် ဘလက်ဘန်းအသင်းရဲ့ ခြေစွမ်းက သာမန်သာရှိတာကြောင့် ချယ်ဆီးအသင်း နိုင်ဖွယ်ရာရှိတယ်။ ဒီပွဲစဉ်ကိုလည်း နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာပါ။

မန်ယူနဲ့ နယူးကာဆယ်

နယူးကာဆယ်က မန်ယူအသင်းထက် တိုက်စစ်ထက်မြက်ပြီး ခံစစ်ပိုင်း တည်ငြိမ်တာ တွေ့ရတယ်။ မန်ယူအသင်းက တည်ငြိမ်တဲ့ ကစားဟန်မရှိသလို ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်ပိုင်းချိတ်ဆက်ကစားပုံ အားနည်းပြီး ဂိုးသွင်းစွမ်းရည်ပိုင်းမှာလည်း လိုအပ်ချက် များစွာရှိတာကြောင့် နယူးကာဆယ် နိုင်ဖွယ်ရာရှိတယ်။ ဒီပွဲစဉ်ကို တော့ နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

အောင်ဇော်

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှုဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၀-၂၀၂၃ ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၇၄	၂၀၄၇
95 Ron	၂၀၈၀	၂၁၅၅
HSD (500 ppm)	၂၁၂၈	၂၂၀၀
HSD (50 ppm)	၂၂၃၆	၂၃၁၀
HSD (10 ppm)	၂၂၄၂	၂၃၁၇

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၇၄	၂၀၄၇
95 Ron	၂၀၈၀	၂၁၅၅
HSD (500 ppm)	၂၁၂၈	၂၂၀၀
HSD (50 ppm)	၂၂၃၆	၂၃၁၀
HSD (10 ppm)	၂၂၄၂	၂၃၁၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၁၂၉၊ ဝ၉-၂၅၄၆၂၅၄၇
ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိ

(၃၀-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၈၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အိမ်ပြင်ပဘ၌ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

လှိုင်ကော်မြို့ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရှေစေတီတော်၌ ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲ စည်ကားစွာကျင်းပ

လှိုင်ကော် အောက်တိုဘာ ၃၀ ကယားပြည်နယ် လှိုင်ကော်မြို့ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်ရှေစေတီတော်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် ညနေ ၆ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တာဝန်ရှိသူများနှင့် မြို့နာမ်ရှေစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဂန္ဓကုဋိတိုက်အတွင်းရှိ သီတင်းသုံးတော်မူသော မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ခြင်းကို လည်းကောင်း၊ မင်္ဂလာအချိန်တွင် စေတီတော်၏ အထက်ပစ္စယာမှ ဆီမီးထွန်းညှိ ဆက်ကပ်ပူဇော် လှူဒါန်းခြင်းကို လည်းကောင်း၊ အရဟတာဒိ၊ နဝဂုဏေဟိ အစရှိသော ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်သည့် ဂါထာဖြင့် ရွတ်ဆိုပူဇော်ခြင်းကို လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်နေမှုအား လက်ယာရစ်လှည့်လည်ကြည့်ရှုပြီး သတ်မှတ်ထားသည့် မီးပုံးပျံကွင်း၌ မီးပုံးပျံများ လွှတ်တင် ပူဇော်ခြင်းများကို ဆောင်ရွက်သည်။

ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ကျေးရွာနေပြည်သူများ၊ ဘုရားဖူးလာရောက်ကြသူများက ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင် ပူဇော်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ စုပေါင်းဆောင်ရွက်ကြပြီး ဘုရားဖူးလာပြည်သူများအား စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

စစ်ကိုင်းမြို့ ရာဇမဏ္ဍိုဗ္ဗာကောင်းမှုတော် စေတီတော်မြတ်ကြီးတွင် ပထမအကြိမ် ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ ကျင်းပ

မုံရွာ အောက်တိုဘာ ၃၀

စစ်ကိုင်းမြို့ ရာဇမဏ္ဍိုဗ္ဗာကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူသော ဂေါတမမြတ်စွာဘုရားရှင်၏ လက်ဝဲအောက် စွယ်တော်မြတ်အစစ် တစ်ဆူ၊ အနားရစ်လေးရစ်ပါ မြသပိတ်တော် တစ်လုံး၊ ဆံတော် ၁၁ ဆူနှင့် ဓာတ်တော်မွေတော်များအား ပထမအကြိမ် ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းက အဆိုပါ စေတီတော်ကြီးရင်ပြင်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့ ခေမာသီဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်ကြီးများထံမှ မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ အနုပညာရှင်များက လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ လေးကျွန်းမြေအုဋ္ဌ်ကျောင်း ဂန္ဓဝါစရိယ ကပထဏ္ဍိတ ဘဒ္ဒန္တမေမ္မပိယာလင်္ကာရ ဆရာတော်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံကျော်အနုပညာရှင်များက ဆီမီးများ ထွန်းညှိကပ်လှူ ပူဇော်ကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး ဆရာတော်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကရာဇမဏ္ဍိုဗ္ဗာကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပတ်လည်တွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နေပြည်သူများ၊ ဘုရားဖူးလာရောက်ကြသူများက တစ်ပြိုင်တည်း ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်နေမှုများအားလိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သံဃမဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းလောင်းလှူပွဲ အခမ်းအနားကျင်းပ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

ပုသိမ် အောက်တိုဘာ ၃၀

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက်က ပုသိမ်မြို့ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊မဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းလောင်းလှူပွဲ အခမ်းအနားပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်အရှင်သူမြတ်များက သိမ်တော်အတွင်း ပဝါရဏာပြုပွဲ ဆင်ယင်ကျင်းပတော်မူကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ စေတနာရှင်အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဘုရားအမှူးပြုသော သံဃာတော် ၅၄ ပါးတို့အား သိမ်ဆင်းလောင်းလှူပူဇော်ကြသည်။

ထို့နောက် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ပရိတ်ပဌာန်းဒေသနာတော်များရွတ်ပွား ပူဇော်လျက်ရှိရာ သီတင်းကျွတ်လပြည့်နေ့ ညပိုင်းက ပုသိမ်မြို့၏ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးအပေါ်အဝင် ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုးများတွင် ဆီမီး ထွန်းညှိပူဇော်သူများ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးရှိ ဦးမောင်ကြီးအာရုံခံတန်စောင်းတွင် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ပြီး စေတီတော်ရင်ပြင်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခဲ့ကြကာ စေတီတော်ကြီးအားလုည့်လည်ကြည်ညိုကြ၍ ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် ဘုရားဖူးလာ ဧည့်ပရိသတ်များက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့အတူ ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋဠရံသီမြတ် မော်တင်စွန်း စေတီတော်မြတ်ကြီးတွင် လည်း ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်၍ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ သံဃာတော်များအား သိမ်ဆင်းလောင်းလှူစဉ်။

ဝေါမြို့၌ သီတင်းကျွတ်လပြည့်နေ့ ဆီမီး ၂၀၀၀ ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ဝေါ အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ချမ်းမြသာစည်ရပ်ကွက်တွင် တည်ထားကိုးကွယ်သော ရွှေဘုန်းပွင့်စေတီတော်တွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ဆီမီး ၂၀၀၀ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နှစ်စဉ် သီတင်းကျွတ်လဆီမီးပူဇော်ပွဲတိုင်းတွင် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ပြီး ဆီမီးတစ်ထောင်ပူဇော်ကာ ယခုနှစ်တွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဒေသခံစေတနာရှင်ဘုရားဖူးပြည်သူများက ရွှေဘုန်းပွင့်စေတီတော်မြတ်အား ဆီမီးထွန်ညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ အမွေးနံ့သာတိုင်များပူဇော်ခြင်း စသည့်ကုသိုလ်ကောင်းမှု ပြုလုပ်ပူဇော်ကန်တော့ခဲ့ကြပြီးဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အားလုံး အလယ်တန်းဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက် သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)

သို့ဖြစ်၍ အခြေခံပညာအလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက် သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



(၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာ အထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့်သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

(၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြု ဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာ ကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင် အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း များစွာ အထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

(၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေး အတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင် အသင့်ဖြစ်စေမည့်သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာ ကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

(၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေး အတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင် အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်း သိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်း ဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင် သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက် သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်
စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ	စဉ်	ခရိုင်အမည်	ခရိုင်ရုံး စိုက်ရာမြို့	ကျောင်း တည်ရှိရာ မြို့နယ်	ကျောင်း အမည်
၁	ကချင်	၁	ပူတာအို	ပူတာအို	ပူတာအို	အထက-ဒုတ္တန်
၂	စစ်ကိုင်း	၂	ခန္တီး	ခန္တီး	ခန္တီး	အထက-ဆင်သေ
		၃	ဟူမ္မလင်း	ဟူမ္မလင်း	ဟူမ္မလင်း	အထက(၁)ဟူမ္မလင်း

စာမျက်နှာ ၂၃ သို့

စက်မှုထုတ်ကုန်နှင့်ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် MSME စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ်ဈေးရောင်းပွဲတော်၏ ပြည်သူ့ရင်ပြင်ရှိ ဗဟိုကွပ်ကဲရေးမဏ္ဍပ်တွင် အောက်တိုဘာ ၂၉ ရက်က MSME စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်ကို ကျင်းပသည်။ (ယာပုံ)

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး (ကိုယ်စား) တိုင်းဒေသကြီး MSME Agency တွဲဖက် အတွင်းရေးမှူး တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် MSME Association of Myanmar မှ အထွေထွေအတွင်းရေးမှူး ဦးစိုးဟိန်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဝန်၊ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ တိုင်းဒေသကြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသဇင်ဟန်၊ မြန်မာ့စီးပွားရေးဘဏ် ညွှန်ကြားရေးမှူး ဦးထင်ကျော်၊ တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန (MSME) ဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးတို့က FDA ဆိုင်ရာ သိကောင်းစရာများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းပုံပိုးမှုဆိုင်ရာများ၊ ဓာတ်ခွဲဆောင်ရွက်ပေးမှု အခြေအနေများ၊ နည်းပညာဆိုင်ရာ သင်တန်းများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုအပ်သည့် အကြောင်းအရာများ၊ SME Member Card လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များနှင့် Member Card ပြုလုပ်ခြင်းအားဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူ

များက ပြန်လည်ဖြေကြားခဲ့ကြပြီး စကားဝိုင်းဆွေးနွေးကြသူများအား စက်မှုနှုန်ဥက္ကဋ္ဌများက လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

စာမျက်နှာ ၂၂ မှ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ	စဉ်	ခရိုင်အမည်	ခရိုင်ရုံး စိုက်ရာမြို့	ကျောင်း တည်ရှိရာ မြို့နယ်	ကျောင်း အမည်
၃	တနင်္သာရီ	၄	ကော့သောင်း	ကော့သောင်း	ကော့သောင်း	အထက(၂)၊ ကော့သောင်း
၄	ပဲခူး(အရှေ့)	၅	ညောင်လေးပင်	ညောင်လေးပင်	ကျောက်တံခါး	အထက- ပဲနွယ်ကုန်း
၅	ပဲခူး (အနောက်)	၆	နတ်တလင်း	နတ်တလင်း	သဲကုန်း	အထက- သဲကုန်း
၆	မကွေး	၇	ချောက်	ချောက်	ချောက်	အထက- ငွေးချို
၇	မန္တလေး	၈	မဟာ အောင်မြေ	ချမ်းမြသာစည်	ပြည်ကြီးတံခွန်	အထက(၂၇)
		၉	အမရပူရ	အမရပူရ	အမရပူရ	အထက- ပလစ(၂)
		၁၀	တံတားဦး	တံတားဦး	တံတားဦး	အထက- တံတားဦး
		၁၁	မြင်းခြံ	မြင်းခြံ	မြင်းခြံ	အထက(၃)
၈	မွန်	၁၂	မော်လမြိုင်	မော်လမြိုင်	ချောင်းဆုံ	အထက- ရွာလွတ်၊ ချောင်းဆုံ
၉	ရခိုင်	၁၃	မြောက်ဦး	မြောက်ဦး	မြောက်ဦး	အထက(၁)၊ မြောက်ဦး
		၁၄	ကျောက်ဖြူ	ကျောက်ဖြူ	ကျောက်ဖြူ	အထက(၃)
		၁၅	တောင်ကုတ်	တောင်ကုတ်	တောင်ကုတ်	အထက(၁)၊ တောင်ကုတ်
၁၀	ရန်ကုန်	၁၆	အင်းစိန်	အင်းစိန်	အင်းစိန်	အထက(၇)
		၁၇	တိုက်ကြီး	တိုက်ကြီး	တိုက်ကြီး	အထက - တိုက်ကြီး
		၁၈	မင်္ဂလာဒုံ	မင်္ဂလာဒုံ	မင်္ဂလာဒုံ	အထက(၄)
		၁၉	သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	အထက- သုဝဏ္ဏ
		၂၀	ဗိုလ်တထောင်	ဗိုလ်တထောင်	သာကေတ	အထက(၂)
		၂၁	သန်လျင်	သန်လျင်	သန်လျင်	အထက - ဖားကူး
		၂၂	မရမ်းကုန်း	မရမ်းကုန်း	မြောက်ဥက္ကလာ	အထက(၆)
၁၁	ရှမ်း(တောင်)	၂၃	ကလော	ကလော	ကလော	အထက(၇)၊ အင်းခေါင်း
		၂၄	လွှိုင်လင်	လွှိုင်လင်	လွှိုင်လင်	အထက(၁) ပင်လုံ
		၂၅	နမ့်စန်	နမ့်စန်	နမ့်စန်(တ)	အထက(ခွဲ) လေတပ်
၁၂	ရှမ်း(မြောက်)	၂၆	ကွတ်ခိုင်	ကွတ်ခိုင်	ကွတ်ခိုင်	အထက(၁) ကွတ်ခိုင်
၁၃	ရှမ်း(ရှေ့)	၂၇	မိုင်းဆတ်	မိုင်းဆတ်	မိုင်းဆတ်	အထက(ခွဲ)၊ အလက(၂)
		၂၈	မိုင်းတုံ	မိုင်းတုံ	မိုင်းတုံ	အထက- နားကောင်းမူး
၁၄	ဧရာဝတီ	၂၉	ကျုံပျော်	ကျုံပျော်	ကျုံပျော်	အထက(၂) ကျုံပျော်
		၃၀	ဟသံတ	ဟသံတ	ဟသံတ	အထက- နတ်မော်
		၃၁	မြောင်းမြ	မြောင်းမြ	မြောင်းမြ	အထက- ဂုန်နီ
		၃၂	လပွတ္တာ	လပွတ္တာ	လပွတ္တာ	အထက(၃)မိုင်
၁၅	နေပြည်တော်	၃၃	လယ်ဝေး	လယ်ဝေး	လယ်ဝေး	အထက- ပျံချီ
		၃၄	ဥတ္တရ	ဥတ္တရသီရိ	တပ်ကုန်း	အထက-MRTV

(၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲမှ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ အောက်တိုဘာ၂၂ရက်မှ၅စရက်အထိ ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိပြီး ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဗိုလ်ချုပ်လှမိုး၊ အတွင်းရေးမှူး၊ နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ ကြိုဆိုကြကြောင်း သိရသည်။

အာကာစိုး

တောင်ဂူမြို့နယ်၌ နေအိမ်အား မီးရှို့မှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ဂူမြို့နယ်၌ အောက်တိုဘာ ၂၉ ရက်က အရက်သောက်စားမူးယစ်သူက နေအိမ်အား မီးရှို့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် နံနက် ၃ နာရီခွဲခန့်တွင် တောင်ဂူမြို့နယ် မဝါကျေးရွာနေ ဒေါ်လှပု(၅၃)နှစ်သည် နေအိမ်၌ ရှိနေစဉ် တစ်ရွာတည်းနေ လှဝင်းအောင်(၃၃)နှစ် သည် အရက်မူးကာ ရောက်ရှိလာပြီး နေအိမ်မီးဖိုချောင်ကို မီးရှို့၍ထွက်ပြေးသွားခဲ့သဖြင့် ပတ်ဝန်းကျင်ရှိသူများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ပြီး အမိုးများ မီးလောင် ပျက်စီးခဲ့သောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ လှဝင်းအောင်အား မြို့သစ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ နိုင်ငံအလိုက် အဆင့် ၂၆ နေရာရရှိ

ရန်ကုန် အောက်တိုဘာ ၃၀

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၈ ရက်အထိကျင်းပရာ မြန်မာမသန်စွမ်း အားကစားအဖွဲ့က ကြေးတံဆိပ်သုံးခုရရှိပြီး နိုင်ငံအလိုက်ဆုရရှိမှုတွင် အဆင့် ၂၆ နေရာရရှိခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် အားကစားနည်း သုံးမျိုးယှဉ်ပြိုင်ရာ ဆုတံဆိပ်သုံးခု ရယူနိုင်ခဲ့သည်။ မြန်မာမသန်စွမ်း အားကစားအဖွဲ့အတွက် ဆုတံဆိပ်သုံးခုစလုံးကို ပြေးခုန်ပစ် အားကစားနည်းမှ ရရှိပြီး ရေကူးနှင့် ထိုင်လျက် ဘော်လီဘော အသင်းတို့မှာမူ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာမသန်စွမ်း အားကစားအဖွဲ့ အတွက် ကြေးတံဆိပ်ဆုများကို အမျိုးသားမီတာ ၂၀၀ T64 ပြိုင်ပွဲတွင် စိုးပေ၊ အမျိုးသား မီတာ ၁၀၀ T64 ပြိုင်ပွဲတွင် စိုးပေ၊ အမျိုးသမီး မီတာ ၁၀၀ T63/64 ပြိုင်ပွဲတွင် လော်လာဝင်းတို့က ဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် အားကစားနည်း ၂၂ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၅၀၀ကျော် ထည့်သွင်းကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၄၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အာရှမသန်စွမ်း အားကစားပြိုင်ပွဲအပြီးတွင် အိမ်ရှင်တရုတ် အသင်းက ရွှေတံဆိပ် ၂၁၄ ခု၊ ငွေတံဆိပ် ၁၆၇ ခု၊ ကြေးတံဆိပ် ၁၄၀ ခုဖြင့် နိုင်ငံအလိုက်ဆုရရှိမှုတွင် ပထမနေရာ ရပ်တည်ခဲ့သည်။ တရုတ်အသင်းသည် ပြိုင်ဘက်နိုင်ငံများကို ရွှေတံဆိပ် ၁၅၀ ကျော် အသာရကာ နိုင်ငံအလိုက် ပထမနေရာ ရပ်တည်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနောက်တွင် အီရန်အသင်းက ရွှေတံဆိပ် ၄၄ ခု၊ ငွေတံဆိပ် ၄၆ ခု၊ ကြေး တံဆိပ် ၄၁ ခုဖြင့် အဆင့်၂၊ ဂျပန်နိုင်ငံက ရွှေတံဆိပ် ၄၂ ခု၊ ငွေတံဆိပ် ၄၉ ခု၊ ကြေးတံဆိပ် ၅၉ ခုဖြင့် အဆင့် ၃၊ တောင်ကိုရီးယား နိုင်ငံက ရွှေတံဆိပ် ၃၀၊ ငွေတံဆိပ် ၃၃ ခု၊ ကြေးတံဆိပ် ၄၀ ဖြင့် အဆင့် ၄၊ အိန္ဒိယနိုင်ငံက ရွှေတံဆိပ် ၂၉ ခု၊ ငွေတံဆိပ် ၃၁ ခု၊ ကြေးတံဆိပ် ၅၁ ခုဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်ခဲ့သည်။

ရဲရင့်လွင် ၊ ဓာတ်ပုံ – APG

တရားမဝင် သစ်မျိုးစုံ၊ ကြွေထည်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ဆေးဝါးများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

